ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက်၊ စနေနေ့ (28-2-2009) (၅၉၆၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် အဗီဆစ်ဝှဲချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ ကြေးမုံ ပြည်တွင်းပြည်ပသတင်းအညွှန်း

ဥသျှစ်ပင်-ကံမ-သရက် - မင်းဘူးရ ထား လမ်း ပိုင်းကျောက် ဖြည့်တင်း

သတင်း **စာမျက်နှာ ၇**

ကော့သောင်းမြို့ ပုလုံးတုံးတုံး တံတား ပြန်လည် တည်ဆောက်

သတင်း **စာမျက်နှာ ၉**

ကား လင်း ဖလား ဗိုလ်လုပွဲ မန်ယူနှင့် စပါးယှဉ်ပြိုင်မည်

အားကစားသတင်း **စာမျက်နှာ ၁၁**

ကြေးမုံ The Mirror
၂၈-၂-၂၀၀၉
(စနေနေ့)

မြို့ပြဝန်းကျင် သန့်ရှင်းသာယာရေး အဆင့်မြှင့်တင်

မြို့ပြ၊ ရပ်ကွက်ပတ်ဝန်းကျင် သပ်ရပ်သန့်ရှင်း သာယာလှပနေခြင်းသည် ပြည်သူတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းမှုကို ရရှိစေသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများက မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် ဖန်တီးဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။

အထူးသဖြင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှု စည်ကားသည့် မြို့ကြီးများ၌ မြို့ပြအင်္ဂါရပ်နှင့်အညီ ယာဉ်သွားလာမှု ချောမွေ့စေရန် မြို့တွင်းလမ်း၊ တံတားများကို အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည်။ ထို့အပြင် ဒေသစိမ်းလန်းစိုပြည်ရေး၊ ဥယျာဉ်များ၊ ပန်းခြံများ၊ ရေကန်များဖြင့် သဘာဝပတ်ဝန်းကျင်လှပရေးနှင့် ပြည်သူများအပန်းဖြေ အနားယူနိုင်စေရေး ဖန်တီးတည်ဆောက်ပေးနေသည်။

မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ နေအိမ်၊ ကျောင်း၊ ဈေးပတ်ဝန်းကျင် အမှိုက်သရိုက် ကင်းစင်သန့်ရှင်းသပ်ရပ်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကိုလည်း စည်ပင်သာယာရေးအဖွဲ့များက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖော်ဆောင်လျက်ရှိသည်။

မြို့ပြသန့်ရှင်းရေးလုပ်ငန်းများသည် နေ့စဉ် နေ့တိုင်း လုပ်ဆောင်သွားရမည့် လုပ်ငန်းများဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ ပြည်သူများအားလုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့နေထိုင်သည့် မြို့နယ်၊ ရပ်ကွက်အတွင်း အမှိုက်သရိုက်အညစ်အကြေးများကို သတ်မှတ်သည့်နေရာတွင် စွန့်ပစ်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး စနစ်တကျ အသုံးပြုခြင်း၊ နေအိမ်၊ လမ်း၊ ကျောင်း၊ ဈေးပတ်ဝန်းကျင် သန့်ရှင်းခြင်းလုပ်ငန်းများကို ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပ အဆင့်မြှင့်တင်ရေးအတွက် အဆောက်အအုံများ သန့်ရှင်းသစ်လွင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးက အရှိန်အဟုန်ဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိရာ ပြည်သူတိုင်းကလည်း စည်းကမ်းရှိရှိ တာဝန်သိသိ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြခြင်းဖြင့် သန့်ရှင်းသာယာလှပသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူးတိုင်းတရားရုံး(တောင်ငူရုံးထိုင်) အဆောက်အအုံသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းတရားရုံး(တောင်ငူရုံးထိုင်) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင်တောင်ငူမြို့ မြို့ကြီးရပ်ကွက်ရှိအဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမင်း တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက အဆောက်အအုံသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက ပဲခူးတိုင်းတရားရုံး(တောင်ငူရုံးထိုင်)အဆောက်အအုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးတို့က အမှာစကားပြောကြားသည်။

အဆိုပါ ပဲခူးတိုင်းတရားရုံး (တောင်ငူရုံးထိုင်) အဆောက်အအုံမှာ အလျား ၁၃၆ ပေ၊ အနံ ၆၃ ပေ၊ အမြင့် ၁၆ ပေရှိ တစ်ထပ်တိုက်အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာကျောင်းများ စာသင်ကြားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် ကျိုင်းတုံမြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး စာသင်ကြားနေမှုအခြေအနေ၊ ကျောင်းအဆောက်အအုံများအခြေအနေ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုအခြေအနေ၊ စာဖြေခန်း၊ စာဖြေခုံ ပြည့်စုံလုံလောက်မှုအခြေအနေ၊ ကျောင်းတွင်းစစ်စာမေးပွဲများ ဖြေဆိုနေမှုအခြေအနေနှင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် အခြေခံပညာကျောင်းများ စာသင်ကြားနေမှု အခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျိုင်းတုံမြို့နယ်ပညာရေးမှူးရုံးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ပညာရေးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးပဒေသာပင်အတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၅၈)မှ သင်တန်းသားတပ်မတော်အရာရှိကြီးများက လှူဒါန်းသည့် ပညာရေးငွေပဒေသာပင် ငွေကျပ် သိန်း ၂၀ ကို စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးက လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်က လက်ခံရယူသည်။

(၂၃၄)

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာမွေရုံ၌ ကျင်းပရာ နာယက ဦးစိုးသိမ်းက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အတွင်းရေးမှူး ဦးထွန်းအောင်က နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး ဦးထွန်းကြည်က အသင်းသား၊ အသင်းသူများကိုယ်စား ရှေ့လုပ်ငန်းစဉ်များကို အကြံပြုကာအသက်(၈၀)အထက်အသင်းဝင် သက်ကြီးများအား ပူဇော်ကန်တော့ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်နှင့် ဂျပန်ပန်းချီထူးချွန်ဆုရ မောင်အောင်ဂွန်ဂွန်ဘိုအား ပညာရည်ချွန်ဆုချီးမြှင့်ကြောင်း သိရသည်။ **(ဝဲပုံ)** (၅၄၄)

ရှာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ လုမ္ဗိနီအထူးကုဆေးခန်းတွင် ကျင်းပရာ လုမ္ဗိနီဆေးခန်း ဒါရိုက်တာအဖွဲ့က လှူဒါန်းငွေ ကျပ် ၁၅၀၀၀၀ ကို ရှာသာကြီး စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၃၂၉)

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ပရိက္ခရာရပ် အခြေခံပညာမူလတန်းကျောင်း နှစ်ပတ်လည်အစည်းအဝေး၊ ဘက်စုံထူးချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်ကကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရ မသီတာဆွေဇင်အား ကျောင်း အုပ်ဆရာမကြီး ဒေါ်မြမြလွင် ဆုချီးမြှင့်စဉ်။ (၁၅၈)

Kanebo နှင့် Kracie ချစ်သူများအတွက် Summer Parade Sale ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

Kanebo နှင့် Kracie ချစ်သူများအတွက် Summer Parade Sale ဈေးရောင်းပွဲတော်ကို မတ် ၁ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ Kanebo & Kracie Counter ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါဈေးရောင်းပွဲတော်တွင် Kanebo နှင့် Kracie ပစ္စည်းအမျိုးအစားအားလုံးအတွက် Buy One, Get One အစီအစဉ်၊ အချို့သောကုန်ပစ္စည်းများအတွက် ၂၀ ရာခိုင်နှုန်းဈေးလျှော့ရောင်းပေးမည့် အစီအစဉ်တို့အပြင် Kanebo နှင့် Kracie ချစ်သူများအတွက် အထူးတုံ့ပြန်လက်ဆောင်များပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဟူသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို မွေးမြူမြှင့်တင် ပြည်ထောင်စုစိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ငလပွေ့ကျေးရွာ စာကြည့်တိုက် ပန္နက်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကျေးရွာ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များကို စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တောင်ရင်း၊ စိုင်ခြံ၊ ငလပွေ့၊ ကပ်သပြေ၊ ကုလားဘာတောင်၊ ကသစ်တောရွာ၊ စေတီယျရွာ၊ အုန်းတောရွာ ရှစ်ရွာတို့မှ ဒေသခံပြည်သူ ၁၆၀၀ ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် စိတ်အားထက်သန်စွာ တင်ပြကြသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ဒေသခံပြည်သူများ၏ ဆန္ဒနှင့်လိုလားချက်များသည် ယနေ့ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် တစ်သဘောတည်း ထပ်တူဖြစ်နေကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့၏ တူညီသောအတွေး၊ တူညီသောရည်ရွယ်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်လျက် အောင်မြင်မှုကိုရရှိမည်မှာ ဧကန်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိတိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်သည် မျိုးချစ်စိတ်ပင် ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများအနေဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင် ထားရှိမွေးမြူသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ကျောက်ဖြူဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာများသို့ ကွင်းဆင်းထိတွေ့ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်မှုများအပေါ် ထိရောက်စွာ ပူးပေါင်း အကောင်အထည်ဖော်သွားကြရန်နှင့် ဒေသခံတာဝန်ရှိသူများကလည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ငလပွေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင်က ငလပွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ငလပွေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာ အုပ်စုဝင်များဖြစ်ကြသော တောင်ရင်း၊ ကုလားဘာတောင်၊ ကပ်သပြေ၊ စိုင်ခြံ ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများအား တိုင်းမှူးနှင့် ဝန်ကြီးတို့က ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးသည် ရမ်းဗြဲမြို့နယ် လက်ပန်အဝ ကျေးရွာ၌ ကျင်းပသော လက်ပန်အဝ ကျေးရွာ စာကြည့်တိုက် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ညဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များကို စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ လက်ပန်အဝ၊ လက်ပန်အညာ၊ ချောင်းနယ်၊ ပြင်ရှည်၊ အဝတောင်၊ မရွှတ်ချိန်၊ ရမ်းသစ်ချေ၊ ဖက်ကြပ်၊ ရမ်းသစ်ကြီး၊ စစ်ပြား ကျေးရွာ ၁၀ ရွာတို့မှ ဒေသခံပြည်သူ ၁၂၀၀ တို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော လက်ပန်အဝကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၃၀ ကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လက်ပန်အဝကျေးရွာအုပ်စု၊ မရွှတ်ချိန်ကျေးရွာအုပ်စု၊ ရမ်းသစ်ချေကျေးရွာအုပ်စု၊ ရမ်းသစ်ကြီး ကျေးရွာအုပ်စု လေးအုပ်စုတို့အတွက် ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်းငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လက်ပန်အဝကျေးရွာ စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံပွဲများတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ပြည်သူများအတွက် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုတွင် စက်ရုံအသစ်တည်ဆောက်ခြင်း၊ လွှင့်အားမြင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သုတ၊ ရသ ရုပ်မြင်သံကြားလိုင်းများစွာကို ဒေသခံပြည်သူများက စိတ်ကြိုက်ရွေးချယ်ကြည့်ရှုနိုင်ရန်လည်း ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးအကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း သတင်းနှင့် ဖျော်ဖြေရေးကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် FM ရေဒီယိုစနစ်ကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ တိုင်းရင်းသားအားလုံး၏ ဇီဇကိုယ်ရည်ကိုယ်သွေးသည် မည့်ကြောင်း၊ အခြားသော လူမျိုးများနှင့် ယှဉ်နိုင်ကြောင်း၊ သို့သော် ယင်းကိုယ်ရည်ကိုယ်သွေး အစွမ်းကုန် ပွင့်ထွန်းလာအောင် အစာကျွေးရမည်ဖြစ်ကြောင်း၊ ထိုအစာမှာ စာဖတ်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စာပေဗဟုသုတများ အစဉ်ဖတ်မှတ်လေ့လာရင်း မိမိတို့၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ အတူတကွ ရောယှက်နေထိုင်လာခဲ့ကြရာ ယခုအခါ တိုင်းရင်းသားအချင်းချင်း မိသားစုများအဖြစ် ယှက်နွယ်ဖွဲ့စည်းမှုများ အများအပြားဖြစ်တည်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း သွေးသားတော်စပ်မှု၊ နားလည်မှု၊ စည်းလုံးမှု ဟူသည့် သံယောဇဉ်ကြိုးများ လွှမ်းတင်ကာ ရွာတိုင်း၊ မြို့တိုင်း၊ တိုင်းနှင့်ပြည်နယ်တိုင်းသည် ပြည်ထောင်စု အငယ်လေးများသဖွယ် ဖြစ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့်လည်း မိမိတို့ တိုင်းရင်းသားအားလုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဟူသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို မွေးမြူမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ထိုပြည်ထောင်စုစိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်ကြောင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်ကြောင်း၊ တိုင်းပြည် ပြိုကွဲသဖြင့် အနိဋ္ဌာရုံများ ပင်လယ်ဝေခံစားနေကြရသည့် ပြည်သူများ၏ ဘဝအခြေအနေကို ယနေ့ကမ္ဘာတွင် အများအပြား တွေ့မြင်နိုင်ကြောင်း။

သို့ပါ၍ မိမိတို့ တိုင်းရင်းသားများအနေဖြင့် ထိုအနိဋ္ဌာရုံ သာဓကများကို သင်ခန်းစာယူပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ် တည်တံ့ခိုင်မြဲအောင်၊ ဒီမိုကရေစီဖော်ဆောင်မှု အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်က အစဉ်ရပ်တည်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကျောက်ဖြူမြို့နယ် တောင်ရင်း၊ စိုင်ခြံ၊ ငလပွေ့၊ ကပ်သပြေ၊ ကုလားဘာတောင်၊ ကသစ်တောရွာ၊ စေတီယျရွာ၊ အုန်းတောရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောက်ဖြူမြို့နယ် ငလပွေ့ကျေးရွာ စာကြည့်တိုက် ပန္နက်စိုက်ထူပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောက်ဖြူမြို့နယ် ငလပွေ့ကျေးရွာ၌ ကျေးရွာ ရှစ်ရွာတို့မှ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

တရုတ်နိုင်ငံအရှေ့ပိုင်း ဝီဖန်မြို့တွင် ဒုတိယကမ္ဘာစစ်လက်ကျန် ခဲယမ်းများကို တွေ့ရှိရသဖြင့် ကျွမ်းကျင်သူများက ဖယ်ရှားနေသည်ကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် လမ်းဘေးပုံးကွဲ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးသေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးပုံး ပေါက်ကွဲခြင်းကြောင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း အီရတ်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်၏ ဗဟိုတွင်ရှိသော ဘဂ္ဂဒက်တက္ကသိုလ်အနီးတွင် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်း၌ ကင်းလှည့်နေသော အီရတ်တပ်ဖွဲ့ဝင်ကို ထိုပုံးက တိုက်ရိုက်ထိမှန်စေခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရသူ ၁၂ ဦးတွင် တပ်ဖွဲ့ဝင်နှစ်ဦးပါဝင်ပြီး အများစုမှာ ကျောင်းသားများဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

အာဖဂန်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၈၄ ဦးရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အမေရိကန်တို့ အာဖဂန်နစ္စတန်သို့ ကျူးကျော်ဝင်ရောက်သည့် ၂၀၀၁ ခုနှစ်မှ စတင်ကာ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ကာလအတွင်း အာဖဂန်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၈၄ ဦးထက်မနည်းရှိပြီဟု ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်သည်။ တိုက်ပွဲကြောင့် သေဆုံးသူ ၄၂၉ ဦး ရှိသည်ဟု စစ်ဘက်က ဖော်ပြသည်။

အာဖဂန်ဒေသပြင်ပရှိ ဂွါတာနာမိုရေတပ်အခြေစိုက်ရာ ကျူးဘား၊ ဂျီဘူတီ၊ အီရီထရီးယား၊ အီသီယိုးပီးယား၊ ဂျော်ဒန်၊ ကင်ညာ၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ဆေးရှဲလ်၊ ဆူဒန်၊ ကာဂျစ်ကစ္စတန်၊ တူရကီနှင့် ယီမင်နိုင်ငံတို့တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ ၆၇ဦး ရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ထို့ပြင် အမေရိကန် ထောက်လှမ်းရေးဗဟို (စီအိုင်အေ)မှ အရာရှိလေးဦးနှင့် စစ်ဘက်တာဝန်ထမ်းဆောင်သော အရပ်သားတစ်ဦးလည်း သေဆုံးကြသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် မက္ကဆီကိုမြို့တော်ဝန် သေဆုံး

မိုရီလီယာ ဖေဖော်ဝါရီ ၂၇

မက္ကဆီကိုနိုင်ငံ၏ အနောက်ဘက်ရှိ မီချိုအကန်ပြည်နယ်၏ မြို့တစ်မြို့တွင် သေနတ်သမားများက မြို့တော်ဝန်အား သေနတ်ဖြင့် ပစ်သတ်သဖြင့် မြို့တော်ဝန်သေဆုံးကြောင်း၊ ၎င်းသည် ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နောက်ဆုံးမြို့တော်ဝန်ဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ပြောကြားသည်။

မီချိုအကန်ပြည်နယ်မှ အစိုးရရှေ့နေ အက်ဒရိန်းလိုပက်ဇ်၏ ပြောကြားချက်အရ ဗစ်စတာဟာမိုဆာမြို့၏ မြို့တော်ဝန်အော့တာဗီယိုကာရီလိုသည် ၎င်း၏နေအိမ်သို့ အရောက်တွင် အသင့်စောင့်ဆိုင်းနေသော သေနတ်သမားလေးဦးက သေနတ်များဖြင့် ပစ်ခတ်ကြကြောင်း သိရသည်။

ယင်းမြို့တော်ဝန်သည် မဲဆန္ဒဖြင့် အရွေးခံရသည့် ခြောက်ဦးမြောက် ပုဂ္ဂိုလ်ဖြစ်ပြီး ပြီးခဲ့သည့်ဇွန်လက အရွေးခံခဲ့ရခြင်းဖြစ်သည်။

မက္ကဆီကို သမ္မတဖိလစ်ကယ်လ်ဒါရွန်သည်လည်း မီချိုအကန်ပြည်နယ်တွင် နေထိုင်ခြင်းဖြစ်ပြီး ယင်းပြည်နယ်တွင် မူးယစ်ဂိုဏ်းအချင်းချင်း တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည့်အပြင် ရဲတပ်ဖွဲ့ဝင်များနှင့်လည်း တိုက်ပွဲများ ဖြစ်လေ့ရှိသည်။ ယခုအခါ ယင်းပြည်နယ်တွင် အကြမ်းဖက်မှုများ တစ်နေ့တခြား တိုးပွားလျက်ရှိသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်တွင် ပုံးပေါက် ကလေးသုံးဦး ဒဏ်ရာရ

ကဘူး ဖေဖော်ဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘင်ဂလန်ပြည်နယ်တွင် တိုက်ပွဲများအတွင်း မပေါက်ကွဲဘဲ ကျန်နေသည့် မိုင်းဗုံးတစ်လုံး ပေါက်ကွဲရာ ကလေးသုံးဦး ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်လွှတ်တော်အဖွဲ့ဝင် ဖာကယ်လ်ဟက် အန်ဒါရာဘီက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ကလေးများသည် ထိုဗုံးကို ကစားစရာအဖြစ်ဖြင့် ကစားနေကြစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ကလေးများဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း အန်ဒါရာဘီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကလည်း ယင်းနေရာတွင် ပေါက်ကွဲစေတတ်သောယမ်းမှုန့်များဖြင့် ဆော့ကစားမိကြ၍ ကလေးနှစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ကမ္ဘာပေါ်ရှိ မိုင်းဗုံးများ ပေါများစွာရှိနေသောနိုင်ငံများတွင် အာဖဂန်နိုင်ငံလည်း တစ်နိုင်ငံအပါအဝင် ဖြစ်သည်။

အင်တာနက်။

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ တောင်ပိုင်း ကီလိုမီတာ ၁၂၀၀ အကွာရှိ ချာတန်မီးတောင်ပေါက်ကွဲရာ ချာတန်မြို့အနီးဝန်းကျင်ရှိ အပျက်အစီးအချို့ကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ဒဏ်ရာရရှိလာသော လူနာတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ ဗင်နီဇွဲလား ရှုတ်ချ

ကာရာကက် ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ဗင်နီဇွဲလားနိုင်ငံ၏ လူ့အခွင့်အရေး ပြဿနာများအပေါ် အစီရင်ခံစာ ထုတ်ပြန်ခြင်းအား ဗင်နီဇွဲလားအစိုးရက ကြာသပတေးနေ့တွင် ရှုတ်ချလိုက်ပြီး အမေရိကန်တွင် ထိုကဲ့သို့ ဆောင်ရွက်ရန်အခွင့်မရှိဟု ပြောကြားသည်။ နိုင်ငံရေးအရ တရားစီရင်ဆုံးဖြတ်ခြင်းများ၊ အတိုက်အခံများနှင့် သတင်းဌာနများအား ဒုက္ခပေးခြင်းများနှင့် အခြားသောပြဿနာများကို အသားပေးရေးသားထားသည့် အမေရိကန်တို့၏ အစီရင်ခံစာကို ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီးဌာနက ပယ်ချလိုက်သည်။

အစီရင်ခံစာပါ စွပ်စွဲချက်များသည် အခြေအမြစ် မရှိသည့်အပြင် မှားယွင်းနေကြောင်း မကောင်းသောစိတ်ထားဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် ခေတ်သစ်သမိုင်းတွင် လူသားများ၏ ဂုဏ်သိက္ခာကို ချိုးဖောက်သော အယုတ်မာဆုံး မှတ်တမ်းများရှိသည်ဟု ကြေညာချက်တွင် ဆက်လက် ဖော်ပြထားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းမှတ်စု

ဂါဇာပြန်လည်တည်ဆောက်ရေး ကူညီကြမည်

ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးအတွက် ပင်လယ်ကွေ့ဒေသမှ အာရပ်နိုင်ငံများက ပူးတွဲအစီအစဉ်တစ်ရပ်ကို တနင်္ဂနွေနေ့က အဆိုပြုလိုက်သည်။

ရန်ပုံငွေပမာဏကို ထုတ်ဖော်မပြောသော်လည်း ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့က အမေရိကန်ဒေါ်လာ ၁ဒသမ ၂၅ဘီလီယံ အာမခံထားသည်ဟု ပင်လယ်ကွေ့ အာရပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်းကူညီရေးအစီအစဉ်ကို အလှူရှင်များ ဖွဲ့စည်းထားသောကော်မတီနှင့် ဆော်ဒီအခြေစိုက် အစ္စလာမ့်ဖွံ့ဖြိုးရေးဘဏ်တို့က စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း ပင်လယ်ကွေ့အာရပ်ဝန်ကြီးများက ပြောကြားသည်။

ဖိလစ်ပိုင်တွင် ငါးလအတွင်း ၃၉၀၀၀ အလုပ်ဖြုတ်ခံရ

ကမ္ဘာ့စီးပွားရေးကျဆင်းမှုပြဿနာ၏ တိုက်ရိုက်အကျိုးဆက်များကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ပို့ကုန်အမှီပြုလုပ်ငန်းအများစုမှ အလုပ်သမား ၃၉၀၀၀ ခန့်သည် လွန်ခဲ့သော ငါးလအတွင်း အလုပ်အကိုင်များဆုံးရှုံးခဲ့ကြရသည်ဟု ဖိလစ်ပိုင်အလုပ်သမားအရာရှိတစ်ဦးက ပြောကြားသည်။

အလုပ်သမားဝန်ကြီး မာရီယာနီတိုက သတင်းစာရှင်းလင်းပွဲ၌ လွန်ခဲ့သည့်နှစ် အောက်တိုဘာမှ ဖေဖော်ဝါရီ တတိယပတ်အထိ အလုပ်ထုတ်ခံရသော ဖိလစ်ပိုင်နိုင်ငံသား အရေအတွက်ကို အစိုးရက မှတ်တမ်းပြုစုထားကြောင်း၊ စီးပွားရေးကျဆင်းသဖြင့် အလုပ်ပြုတ်ရသော အလုပ်သမားအရေအတွက် အစစ်အမှန်သည် ပို၍များပြားမည်ဖြစ်သည်ဟု ပြောကြားသည်။

ဆိုမာလီတွင် ပါကစ္စတန်တစ်ဦး ပြန်ပေးဆွဲခံရ

ဆိုမာလီနိုင်ငံ ပန့်လင်းဒေသတွင် စိုက်ပျိုးရေးစီမံကိန်းတစ်ခု၌ တာဝန်ထမ်းဆောင်နေသော ပါကစ္စတန်နိုင်ငံသားတစ်ဦးကို သေနတ်သမားများက တနင်္ဂနွေနေ့တွင် ပြန်ပေးဆွဲသွားကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါပုဂ္ဂိုလ်သည် ဘိုဆာဆိုဆိပ်ကမ်း၏တောင်ဘက် ကီလိုမီတာ ၃၀ (၁၉ မိုင်) အကွာခန့်၌ စီမံကိန်းတည်ရှိရာအရပ်သို့ သွားနေစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း ပန့်လင်းဒေသအုပ်ချုပ်ရေးမှူး မူဆဲဂဲလ်လီက ပြောကြားသည်။

ဂရိသင်္ဘော ပြန်ပေးဆွဲခံရ

ဆိုမာလီနိုင်ငံကမ်းလွန်တွင် တနင်္ဂနွေနေ့က ဂရိအလံလွှင့်ထူထားသော ကုန်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက ဖမ်းဆီးသွားကြောင်း ဂရိကုန်သွယ်ရေကြောင်းဝန်ကြီးက ပြောကြားသည်။

သင်္ဘောပေါ်တွင် သင်္ဘောသား ၂၂ ဦး ပါရှိပြီး ကျောက်မီးသွေးများ တင်ဆောင်ကာ စလိုဗေးနီးယားနိုင်ငံသို့ ခုတ်မောင်းနေစဉ် အဖမ်းခံရခြင်းဖြစ်သည်။ ဇန်နဝါရီလက ကင်မရွန်းကမ်းလွန်တွင် ဂရိသင်္ဘောတစ်စင်းအား ဖမ်းဆီး၍ ဂရိရေယာဉ်မှူးအား သတ်ပစ်ခဲ့သည်ဟု ပြောကြားသည်။

အိန္ဒိယတွင် ကားကိုရထားတိုက်၊ သတို့သမီးသေ

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် မင်္ဂလာလက်ထပ်ပွဲအခမ်းအနားမှ ပြန်လာသော လူအပြည့်အလျှံ တင်လာသည့် ဂျစ်ကားတစ်စီးကို ရထားတစ်စင်းက ဝင်တိုက်ရာ သတို့သမီးအပါအဝင် ၁၂ ဦး သေဆုံးကြောင်း တာဝန်ရှိသူများနှင့် မျက်မြင်တွေ့သူများက ပြောကြားသည်။ **(အောက်ပုံ)**

ဩရိသပြည်နယ် မြို့တော် ဘူဘန်စွာမှ ကီလိုမီတာ ၃၈၀ (မိုင် ၂၄၀)အကွာရှိ ဘာဂတ်မြို့အနီး ရထားနှင့်ကားလမ်း ဆုံရာနေရာတွင် အမြန်ရထားတစ်စင်းက ကားတစ်စီးကို ဝင်တိုက်မိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ပြည်နယ်ကိုးခု၌ ခွာနာလျှာနာရောဂါ ဖြစ်ပွားလျက်ရှိ

ဗီယက်နမ်နိုင်ငံရှိ ပြည်နယ်နှစ်ခုအပြင် အခြားဒေသများသို့ပါ ခွာနာလျှာနာရောဂါ ထပ်မံဖြစ်ပွားလျက်ရှိရာ ယခုအခါတွင် ထိုရောဂါသည် ပြည်နယ်ပေါင်း ကိုးခုသို့ ပြန့်ပွားနေကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လက်အောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာနမှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ယင်းရောဂါသည် ဝီအန်ပြည်နယ်အလယ်ပိုင်းနှင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိ ပင်လယ်ကမ်းခြေဒေသ ကွန်ငိုင်ပြည်နယ်တို့တွင် လတ်တလော ဖြစ်ပွားနေသော ရောဂါဖြစ်ကြောင်း၊ ဝီအန်ပြည်နယ်နှင့် ဆက်စပ်နေသော ဒေသနှစ်ခုတွင်ရှိသည့် ကျွဲနွားများအနက် ကျွဲနွားကောင်ရေ ၅၀ သည် အဆိုပါ ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် ကွန်ငိုင်ပြည်နယ်မှ နွား ၁၉ ကောင်သည်လည်း ယင်းရောဂါကြောင့် သေလုမျောပါးအခြေအနေသို့ ရောက်ရှိနေကြောင်း တိရစ္ဆာန်ကျန်းမာရေးဌာနက ပြောကြားသည်။

စုစည်းဘာသာပြန်ဆိုသူ-သန်းလွင်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ (၁/၂၀၀၉) အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၉) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်မဏ္ဍာရုံကြီး၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ က အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က တက္ကသိုလ်များ အုပ်ချုပ်ရေးအဖွဲ့၏ (၂/၂၀၀၈) အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြုချက်ရယူသည်။

ယင်းနောက် ဗဟိုပညာရေးအဖွဲ့၏ (၁/၂၀၀၉) အစည်းအဝေး တင်ပြချက်များကို အတည်ပြုဆုံးဖြတ်ကာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ဒုတိယဥက္ကဋ္ဌ ဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၉) အစည်းအဝေးကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်မဏ္ဍာရုံကြီး၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ အလှူရှင် ဦးဘိုသိန်း (စာရေးဆရာ တောင်တွင်း ဘိုသိန်း)က ဇင်းရေးသားသည့် ညောင်နှစ်ပင်စခန်း အမျိုးသား ညီလာခံမြင်ကွင်းနှင့် သမိုင်းမှတ်တမ်း၊ စာမှတ်တမ်း ၂၀၀၇-၂၀၀၈ စာအုပ် အုပ်ရေ ၂၀၀ တန်ဖိုးငွေကျပ် ၁၀ သိန်း ဖိုးခန့်ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော် လက်ခံရယူမည့် လူပုဂ္ဂိုလ်များ ဖိတ်စာများ ထုတ်ယူနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

၁၃၇၀ ပြည့်နှစ် တပေါင်းလပြည့်နေ့ မတ် ၁၀ ရက် (အင်္ဂါနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၌ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကို ဖုန်း- ၀၆၇-၄၀၆၀၄၅ ထံတွင် မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း မူကြိုကလေးငယ်များ ဉာဏ်စွမ်းရည်ပြိုင်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ဉာဏ်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ဟားခါးမြို့ မူလတန်းကြိုကျောင်း၌ ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တက်ရောက် အမှာစကားပြောကြားပြီး ကလေးငယ်များ စာလုံးချိတ်ဆွဲပြိုင်ပွဲ၊ ဘောလုံးအရောင်ရွေးပြိုင်ပွဲ၊ တိရစ္ဆာန်အစားအစာများ ယှဉ်တွဲပြိုင်ပွဲနှင့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ ချိတ်ဆွဲပြခြင်း ပြိုင်ပွဲများ ကျင်းပမှုကို ကြည့်ရှုအားပေးကာ ဆုများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ထိုင်းနိုင်ငံ ချာ-အမ် (Cha-am) မြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် AIPA ကိုယ်စားလှယ်အဖွဲ့ အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံနိုင်ငံ ခေါင်းဆောင်အကြီးအကဲများနှင့် အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိုင်းနှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **- ဗြိုဟ်ကမ္ဘာမှ သတ္တဝါများ (အပိုင်း-၁)**
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **- ဂန္ထဝင်ဆုံးလှည်း (လွင်မိုး၊ ခိုင်သင်းကြည်)**
၁:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **- မောင်နဲ့သာဆိုရင် (အပိုင်း- ၂၅)**
၂:၅၅ ၈။ အပိုင်းနှုတ်ဆက်စကား
၃:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၅ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ၊ အပိုင်း-ခ)
၄:၄၅ ၇။ မြန်မာစာ မြန်မာစကား (အပိုင်း-၇)
၅:၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-သံယောဇဉ်နှောင်ကြိုး (အပိုင်း-၅၇)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-နှလုံးသားအလှသစ္စာတရား (အပိုင်း-၃၀)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိုင်းနှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဗီယက်နမ်သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဥပဒေပညာပေးဆွေးနွေးပွဲ

ခင်ဦး

ကျွန်မတို့ အမျိုးသမီးများ၏ စီးပွားရေး၊ပညာရေး၊ လူမှုရေး စသည့် လုပ်ငန်းကိစ္စအဝဝများကို ဦးဆောင်ပံ့ပိုးကူညီကြတဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ဌာန၊လုပ်ငန်းအဖွဲ့များအနက် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ကျွန်မတို့အမျိုးသမီးများဟာ အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဘဝကို လှုပ်ရှားရုန်းကန်နေကြရတဲ့ ယခုလိုအချိန်အခါမျိုးမှာ ဗဟုသုတနှင့် အသိပညာကြွယ်ဝမှုဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခုမှာ ပါနေပါတယ်။ အိမ်မှုကိစ္စများမှ အစပြု၍ **စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေကြရတဲ့ အမျိုးသမီးများအဖို့ နိုင်ငံတော်မှ ချမှတ်ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများ၊အခါအားလျော်စွာထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ကို သိရှိထားဖို့ကလည်း အရေးကြီးလှပါတယ်။** ဒီလိုသိရှိဖို့အတွက် စာပေဗဟုသုတ လေ့လာလိုက်စားဖို့လိုပါတယ်။ ဒါမှလည်း ဘာပဲလုပ်လုပ် အမှားကင်းပြီး အမှန်မြင်ကြမှာ ဖြစ်ပါတယ်။

ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ဟာ အမျိုးသမီးရေးရာနှင့် သက်ဆိုင်သောဥပဒေများ၊ ပြဋ္ဌာန်းချက်များကို စုစည်းတင်ပြခြင်း၊ အမျိုးသမီးများနှင့် ပတ်သက်တဲ့ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ကွန်ဗင်းရှင်းများ၊ Protocol များအား လေ့လာအကြံပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်နေတဲ့အပြင် မြို့နယ်များသို့ကွင်းဆင်း၍ ဥပဒေပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်ပေးကြပါတယ်။ ဒီတစ်ခါမှာတော့ ရန်ကုန်မြောက်ပိုင်းခရိုင်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဥပဒေပညာပေး ဆွေးနွေးပွဲ ကျင်းပစဉ်။

တိုက်ကြီး မြို့နယ်ရှိ အမျိုးသမီးများနှင့် နွေးနွေးထွေးထွေး ဆွေးနွေးနိုင်ဖို့ ခြေဦးလှည့်ခဲ့ ကြပါတယ်။ ကျွန်မတို့အဖွဲ့ တိုက်ကြီးမြို့နယ်ကိုရောက်တော့ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှိုက်လှဲစွာခရီးဦးကြိုဆိုကြပါတယ်။ ဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ အမျိုးသမီးများကလည်း အရွယ်စုံပဲဖြစ်ပါတယ်။ အသက်(၅၅)နှစ်မှ စ၍ အသက်(၁၄)နှစ်အထိ နေရာစုံ၊အဖွဲ့အစည်းစုံက အမျိုးသမီးများကို တွေ့ရပါတယ်။ နယ်မြို့လေးဖြစ်တဲ့အတွက် အေးချမ်းဆိတ်ငြိမ်တဲ့ ပတ်ဝန်းကျင်၊ လှိုက်လှဲနွေးထွေး ပွင့်လင်းတဲ့အပြုံးများ စတဲ့ ခံစားမှုအဖုံဖုံကို ရရှိစေပါတယ်။

စိတ်ရောကိုယ်ပါ အားတက်သရော လာရောက်နေကြတဲ့ အမျိုးသမီးများကိုကြည့်ပြီး ပီတိဖြစ်မိပါတယ်။ ဆွေးနွေးပွဲမှာ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားပါတယ်။ လာရောက်နားထောင်ကြတဲ့ အမျိုးသမီး ၁၀၂ဦးကို အုပ်စုလေးစု ခွဲလိုက်ပါတယ်။

ပထမဦးစွာ အတွင်းရေးမှူး ဒေါ်မြင့်ဆွေက လူကုန်ကူးမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအကြောင်းကို ဆွေးနွေးပါတယ်။ ဆရာမက “လူကုန်ကူးခြင်း၏ သမိုင်းကြောင်းဟာ ယခုမှ ပေါ်ပေါက်လာတဲ့ ပြဿနာ မဟုတ်ကြောင်း၊ ၁၄ ရာစုနှစ်များမှစ၍ ကျေးကျွန်ရောင်းဝယ်သည့် စနစ်ထွန်းကားခဲ့ကြောင်း၊ ၁၆ရာစုနှင့်၁၇ရာစုတွင် လူရောင်းဝယ်ခြင်းသည် လူ့အခွင့်အရေးကို ထိခိုက်စေသောကြောင့် ကျွန်အဖြစ် ရောင်းဝယ်ခြင်း မပြုရန် တားမြစ်ခဲ့ကြောင်းနှင့် ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ နှစ်စဉ် လူကုန်ကူးသည့် အရေအတွက်မှာ လေးသန်းခန့်ရှိကြောင်း၊ ယူနီဆက် ၏ ခန့်မှန်းချက်က နှစ်စဉ် ၂ဒသမ ၄၅သန်းခန့်ရှိကြောင်း၊ လူကုန်ကူးခြင်းသည် နက်နဲရှုပ်ထွေးပြီး စုံစမ်းဖော်ထုတ်ရန် ခက်ခဲမှုများကြောင့် အတိအကျ မခန့်မှန်းနိုင်ကြောင်း။

လူကုန်ကူးမှု ဖြစ်ပွားရသည့် အကြောင်းရင်းနှစ်ချက်ရှိကြောင်း၊ တွန်းအားပေးခြင်းနှင့် ဆွဲအားဖြစ်ပေါ်စေခြင်းတို့ဖြစ်ကြောင်း၊ တွန်းအားပေးခြင်းများကတော့ ဆင်းရဲမွဲတေခြင်း၊ ပညာအရည်အချင်းကင်းမဲ့ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ကျားမခွဲခြားဆက်ဆံခြင်း၊ မိသားစုအတွင်း ညှဉ်းပန်းနှိပ်စက်မှုခံရခြင်း၊မိဘများကိုယ်တိုင် ဆင်းရဲကျပ်တည်းမှုဒဏ်ကို မခံနိုင်၍ မဆိုစလောက်ငွေကြေးဖြင့် ရောင်းစားခြင်းတို့ဖြစ်ပြီး ဆွဲအားဖြစ်ပေါ်စေခြင်း အကြောင်းရင်းများကတော့ အလုပ်အကိုင် အခွင့်အလမ်း ဝင်ငွေရရှိရန် မျှော်လင့်ချက်ပေးခြင်း၊ လူကုန်ကူးသူများသည် လူကုန်ကူးခံရသူများကို တရားမဝင် အလုပ်သမားများအဖြစ် ခိုင်းစေကြခြင်း၊ ဤသို့ ခိုင်းစေခြင်းသည် တရားဝင် အလုပ်သမားများထက် လုပ်ငန်းလည်ပတ်မှုတွင် ထိန်းချုပ်ရန်လွယ်ကူခြင်း၊ စရိတ်စက သက်သာ ခြင်းတို့ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် လူကုန်ကူးခံရတဲ့လူများဟာ အသက်ခံရခြင်း၊ လက်ရောက်မှုပြုခံရခြင်းကြောင့် အပြင်းအထန် ဒဏ်ရာရခြင်း၊ အစားအသောက် ဆေးဝါးဖြတ်တောက်ခံရခြင်း၊ တရားမဝင် အကျဉ်းချခံရခြင်းကြောင့် အာဟာရချို့တဲ့ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ လွတ်လပ်စွာ မသွားနိုင်ခြင်းဆိုတဲ့ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါတယ်။ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများဖြစ်တဲ့ အကာအကွယ်မရှိတဲ့ ကာမဆက်ဆံခြင်းကြောင့် HIV/AIDS ရောဂါကူးစက်ခြင်း၊ ကိုယ်ဝန် ဆောင်ခြင်းကို မလိုလားသဖြင့် အတင်းအကျပ် ကိုယ်ဝန်ပျက်ကျစေခြင်းကြောင့် မျိုးပွားစေသော ကိုယ်အင်္ဂါများကို ပျက်စီးစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများဖြစ်တဲ့ အထီးကျန်စေခြင်း၊ ကြောက်ရွံ့စေရန် သွေးဆောင်ခြင်း၊အကြမ်းဖက်မည်ဟုခြိမ်းခြောက်ခြင်းကြောင့် အထိတ်တလန့်ဖြစ်စေခြင်း၊ မိမိကိုယ်ကိုသတ်သေရန် စိတ်ပေါက်ခြင်း၊ စိတ်ကျခြင်းများ ခံစားရရှိစေပါကြောင်း ရှင်းပြခဲ့ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုများကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေပုဒ်မ-၂၄အရ အမျိုးသမီးနှင့် ကလေးသူငယ်များကို လူကုန်ကူးလျှင် အနည်းဆုံးထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံရမှာ ဖြစ်ကြောင်း၊ပုဒ်မ-၂၉ အရ လူကုန်ကူးမှုကျူးလွန်ရာတွင် ကြီးလေးသောပြစ်မှုကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၁၀)နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ခံရကြောင်း၊ ပုဒ်မ-၃၃အရ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းယူခြင်း (သို့) သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည်ကိုခံရမည့်အပြင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော ငွေကြေးမှ (သို့) ပစ္စည်းရောင်းရငွေမှ ဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ၊ လူကုန်ကူးခြင်းခံရသူအား နစ်နာကြေးပေးရခြင်း ဆိုတဲ့ ပြစ်ဒဏ်များရရှိမှာဖြစ်ကြောင်း အသေးစိတ် ဆွေးနွေးသွားပါတယ်။

ဆက်လက်ပြီး တရားရုံးချုပ် ညွှန်ကြားရေးမှူး ဒေါ်လွင်လွင်အေးကျော်က လောင်းကစားဥပဒေများနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းလင်း ဆွေးနွေးပေးသွားပါတယ်။ “လောင်းကစားဆိုတာ မည်သူ့ကိုမျှ မည်သည့် အရာကိုမျှ ကောင်းကျိုး မပြုပါဘူး၊ ဥစ္စာ၊ အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုတ်ယုတ်စေပါတယ်။ လောင်းကစားမှုကြောင့် ခိုးမှု၊ လုယက်မှုများမှအစ ရာဇဝတ်မှုများဖြစ်ပွားစေပြီး နိုင်ငံတော်တည်ငြိမ်ရေးကိုပင် ထိခိုက်စေနိုင်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို အကောင်အထည်ဖော် တည်ဆောက်ရာမှာ လောင်းကစားပြုလုပ်ခြင်းဟာ အနှောင့်အယှက် အဟန့်အတားတစ်ရပ် အဖြစ်ပါဝင်လျက် ရှိတာကို ပြည်သူတစ်ရပ်လုံးနားလည်သဘောပေါက် ကြဖို့ အထူးလိုအပ်ပါတယ်။ လောင်းကစားမှုပြုလုပ်တဲ့ကိစ္စကို အမျိုးသား တွေကပဲ ပြုလုပ်ကြတာမဟုတ်ပါဘူး။ အမျိုးသမီးတွေလည်း ပါဝင် လောင်းကစားနေကြတာ တွေ့ရပါတယ်။

၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှာ လောင်းကစားဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ လောင်းကစားခြင်းဆိုတာ ကံစမ်းလောင်းကစားခြင်း၊ ကျွမ်းကျင်မှုလောင်းကစားခြင်း၊ အကောက်အစားယူ၍ လောင်းကစားခြင်း၊ အကောက် အစားမယူဘဲ လောင်းကစားခြင်းဆိုပြီး ခွဲခြားမှု မပြုတော့ဘဲ လောင်းကစားမှု မှန်သမျှ ပြစ်မှုမြောက်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါ့ကြောင့် နာရေးဖြစ်တဲ့ အိမ်မှာ ဖဲဝိုင်းထောင်တယ်ဆိုပါစို့၊ လူမပြတ်ရှိနေစေလိုတဲ့ ရည်ရွယ်ချက်နှင့် လုပ်တာဆိုပေမယ့်လည်း လောင်းကစားမှုကျူးလွန်တာပါပဲ၊ အဲဒီအိမ်ကို ဥပဒေအရ လောင်းကစားအိမ်အဖြစ် သတ်မှတ်နိုင်ပြီး လောင်းကစားအိမ်ကို ရောက်ရှိနေသူတွေကို ၁၉၈၆ ခုနှစ်၊ လောင်းကစား ဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်တယ်လို့ ဆိုရပါမယ်။

ဒါ့အပြင် အများပြည်သူဆိုင်ရာ နေရာမဟုတ်ဘဲနေအိမ်၊ဥပစာ၊ကာရံထားတဲ့ခြံဝင်း၊ ယာဉ်တစ်ခုခုအတွင်း လောင်းကစားမှု ကျူးလွန်သူတွေအတွက်ကတော့ လောင်းကစားအိမ် တစ်ခုခုအတွင်း လောင်းကစားနေမယ်၊ ရောက်ရှိနေမယ်ဆိုရင်တော့ ပုဒ်မ-၁၃(က)အရအနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ်တစ်နှစ် အထိအပြင် ထောင်ဒဏ်အပြင် ငွေဒဏ်ကျပ် (၁၀၀၀)အထိ ချမှတ်ခြင်းခံရပါမယ်။ဒီပြစ်မှုကိုထပ်ပြီးကျူးလွန်သူတွေကိုတော့ အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ် အထိ ဒီထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံးကျပ်(၁၀၀၀)မှ အများဆုံး ကျပ် (၅၀၀၀) အထိ ချမှတ်ခြင်းခံရမယ်လို့ ပုဒ်မ-၁၃(ခ)မှာ ဆက်လက်ပြဋ္ဌာန်းထားပါတယ်။

၁၉၈၀ပြည့်နှစ် နောက်ပိုင်းမှာတော့ ချဲထီ၊ နှစ်လုံး၊ သုံးလုံးစတဲ့ ကံစမ်းကစားနည်းတွေဟာ တော်တော်လေး ခေတ်စားလာတာ တွေ့ရပါတယ်။ နံနက်ဈေးဝယ်ထွက်လို့ ဈေးထဲရောက်တဲ့အခါမှာလည်း ဒီဂဏန်းတွေအကြောင်း ကြားရတယ်။ ညနေပိုင်းမှာလည်း ဂဏန်းကိစ္စနှင့်လူတွေ ဟိုပြေးဒီပြေး တိုးတိုးတိုးတိုးနှင့် ပြောဆိုနေတာတွေကို တွေ့ရပါတယ်။ နှစ်လုံး၊ သုံးလုံး ဂဏန်းများကြောင့် ဗျာများနေကြတာပေါ့။ ဒီလောင်းကစားမှုဟာ စွဲလမ်းမှုကို ဖြစ်စေပြီး နောက်ဆုံး ရှိသမျှကုန်ပြီး ဘဝပျက်သွားတဲ့သူတွေ အများအပြားပါပဲ။ ဒါ့ကြောင့် ၁၉၈၆ခုနှစ် လောင်းကစားဥပဒေမှာ ပုဒ်မ-၁၀၊ ၁၅နှင့် ၁၆ တို့ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ရပါတယ်။ လောင်းကစားမှုကို ကိုယ်တိုင် မပြုလုပ်ပေမယ့်လည်း သူများလောင်းကစားမှုပြုလုပ်ဖို့ ကိုယ်ကငွေထုတ်ချေးမယ်၊ ငွေကြေးထောက်ပံ့မယ် ဆိုရင်လည်း လောင်းကစားဥပဒေ ပုဒ်မ-၁၇(က)အရ အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှအများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ခြင်း ခံရပါမယ်။

ဆရာမ ဒေါ်လွင်လွင်အေးကျော်ရဲ့ စိတ်ဝင်စားဖွယ် ရှင်းလင်းဆွေးနွေးခြင်းအပေါ်မှာ ဆွေးနွေးပွဲတက်ရောက်သူများမှ ကလေးသူငယ်တွေကို လူကြီးတွေက နှစ်လုံး၊ သုံးလုံး သွားထိုးခိုင်းတဲ့ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးကြတာကို တွေ့ရှိရပါတယ်။

နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဆိုတဲ့အတိုင်း ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ်ဥပဒေနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သည့် ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို လိုတိုရှင်းထိမိစွာ ရှင်းလင်းဆွေးနွေးပေး သွားပါတယ်။

ဆရာမကြီးက“ကလေးသူငယ်ဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃ဖြင့် ၁၉၉၃ခုနှစ်၊ဇူလိုင်လ ၁၄ရက်နေ့ကပြဋ္ဌာန်းခဲ့ကြောင်း၊ ဤဥပဒေပုဒ်မ၂-(က)အရ ကလေးသူငယ်ဆိုသည်မှာ အသက်(၁၆)နှစ် မပြည့်သေးသောသူကို ဆိုကြောင်း၊ လူငယ်ဆိုသည်မှာ အသက်(၁၆) နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသော သူကိုဆိုကြောင်း၊ပုဒ်မ(၈)တွင် ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ ကာကွယ်စောင့်ရှောက်မှုရရှိရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့် ရရှိရန် အခွင့်အရေးများရှိကြောင်း၊ ထို့အပြင် မိဘအုပ်ထိန်းသူတို့သည်ကလေးသူငယ်များအား ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးတိုးတက်ရန်၊ ပြုစုပျိုးထောင်ရေးအတွက် မူလတာဝန်ရှိသူများဖြစ်ကြောင်းကို ပုဒ်မ-၁၁(က)တွင် ပြဋ္ဌာန်းထားကြောင်း”တို့ကို ဥပမာများ၊ ဖြစ်စဉ်များနှင့် စိတ်ဝင်စားအောင် ရှင်းလင်းပေးပါတယ်။ အထူးသဖြင့် ဆရာမကြီးက ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းနှင့် ပတ်သက်ပြီး “ကလေးသူငယ်များအား အသုံးချ၍ ကိုယ်ကျိုးရှာသူများ၊ ခေါင်းပုံဖြတ်သူများအားကောင်းစွာအရေးယူနိုင်ရန်အတွက် ပုဒ်မ-၆၅နှင့် ပုဒ်မ-၆၆ တို့တွင် ပြဋ္ဌာန်းပေးထားကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များအရ ကလေးသူငယ်များအား အသက်အန္တရာယ်ဖြစ်စေသော(သို့)အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သည့် အလုပ်ကို ခိုင်းစေလျှင်ဖြစ်စေ၊ ခွင့်ပြုလျှင်ဖြစ်စေ၊ ထိုသူအား ထောင်ခြောက်လအထိ ချမှတ်နိုင်ကြောင်း၊ ကလေးသူငယ်အား အရက်ဆိုင်သို့ ခေါ်သွားခြင်း၊ ဝင်ခွင့်ပြုခြင်း၊ အရက်ဝယ်ခိုင်းခြင်း၊ ရောင်းခိုင်းခြင်း၊ အရက်သောက်ရန်ခွင့်ပြုခြင်း၊ အရက်လုပ်ငန်းတွင် အလုပ်လုပ်ခိုင်းခြင်း မပြုလုပ်ရန်၊ ကလေးသူငယ်အား လောင်းကစားရန် တိုက်တွန်းခြင်း၊ အားပေးကူညီခြင်း မပြုလုပ်ရန်နှင့် ကလေးသူငယ်ထံမှ ပစ္စည်းအပေါင်ခံခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားကြောင်း။

ပုဒ်မ-၆၆တွင် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို သတ်မှတ်ထားရာ အောက်ပါကိစ္စရပ်များကို ပြုလုပ်သောသူအား ထောင်ဒဏ်နှစ်နှစ်အထိ ချမှတ် နိုင်ကြောင်းနှင့် ငွေဒဏ်ကိုပါ ပူးပေါင်းချမှတ်နိုင်ကြောင်း-

- (၁၆)နှစ်မပြည့်သေးသော မိန်းကလေးသည် ပြည့်တန်ဆာ အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကို တမင်လျစ်လျူရှု ခြင်း၊ မိဘအုပ်ထိန်းသူတို့တွင် တာဝန်ရှိသည်။
- ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူနှင့် အတူ နေထိုင်စေရန်၊ ပေါင်းသင်းသွားလာစေရန်ခွင့်ပြုခြင်း၊ မိဘအုပ်ထိန်းသူတို့ လိုက်နာရန် ဖြစ်သည်။
- ကလေးသူငယ်အား တောင်းရမ်းခိုင်းခြင်း၊ ကလေးသူငယ်ကို တစ်နည်းနည်း အသုံးပြုခြင်း။
- မိဘ၊ ဆရာ(သို့)အုပ်ထိန်းခွင့်ရှိသူ ကလိမ္မာစေရန် ဆုံးမခြင်းမှတစ်ပါး ကလေးသူငယ်အား တမင်နှိပ်စက်ခြင်း၊ မိဘဆရာတို့က ဆုံးမရာတွင် ကလေးသူငယ်အား အလွန်အကျွံဒဏ်ပေးခြင်း၊ ရိုက်နှက်ခြင်းတို့ပြုလုပ်ပါက ဤပုဒ်မနှင့် ငြိစွန်းနိုင်ကြောင်း။
- ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်(သို့) မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ် မည်သူ မည်ဝါဖြစ်ကြောင်းကို သက်ဆိုင်ရာမှ ကြိုတင်ခွင့်ပြုချက်မရဘဲရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့တွင် ဖော်ပြခြင်း၊ ကလေး၏ဓာတ်ပုံကို ဖော်ပြခြင်း မပြုလုပ်ရေး သတိပြုရန်။
- ကလေးသူငယ်အား ညစ်ညမ်းသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား(သို့)ဓာတ်ပုံရိုက်ကူးခြင်း မပြုလုပ်ရန်။

ဤပုဒ်မ-၆၆သည်ကလေးများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်း၊ ဂုဏ်သိက္ခာ ကျဆင်းစေခြင်းစသော အန္တရာယ်များမှ အကာအကွယ်ပေးထားခြင်းဖြစ်ကြောင်း၊ ဤဥပဒေကပေးထားသော အခွင့်အရေးများနှင့် အကာအကွယ်ပေးထားသော အချက်များကို မိဘအုပ်ထိန်းသူနှင့် ပတ်ဝန်းကျင် သိရှိထားရန်နှင့် လိုက်နာရန် လိုအပ်ကြောင်းတို့ကို အလေးပေး ဆွေးနွေးသွားပါတယ်။

ဆရာမကြီးဆွေးနွေးလို့အပြီးမှာ တက်ရောက်လာသူများ၏ ကိုယ့်ပတ်ဝန်းကျင်က ဖြစ်စဉ်များနှင့် ကလေးများ၏ ပြဿနာများကို ဝိုင်းဝန်းမေးမြန်းကြသဖြင့် ဆွေးနွေးပွဲမှာ ပို၍မြိုင်ဆိုင်သွားပါတယ်။ နောက်ဆုံး ဆွေးနွေးပွဲအပေါ် သဘောပေါက်နားလည်မှု မည်မျှရရှိသလဲဆိုတာကို မေးခွန်းများ ဖြေကြားခြင်းဖြင့် အဆုံးအဖြတ် ပေးခဲ့ကြပါတယ်။ ဆုရရှိတဲ့ အမျိုးသမီးကြီး/ငယ်များ ဝမ်းသာအားရ ဆုလက်ခံရယူကြပါတယ်။

စီးပွားရေးလုပ်ငန်းများကို ဦးဆောင် ဦးရွက်ပြုနေကြရတဲ့ အမျိုးသမီးများအဖို့ နိုင်ငံတော်မှ ချမှတ်ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ကို သိရှိထားဖို့ကလည်း အရေးကြီး...

ရသေ့တောင်မြို့နယ်ရှိ ကျေးရွာနေပြည်သူများအား မီးစက်လှူ၊ မုန်တိုင်းကာကွယ်နည်းပိုစတာ ဝေငှ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ရသေ့တောင်မြို့နယ် လေးကန်ကျေးရွာအုပ်စု လေးကန်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ဖေဖော်ဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိကြပြီး လေးကန်၊ ပေါက်တောချေ၊ ဆေးအိုးကျနှင့် တင်းကုတ်ကျေးရွာအုပ်စုတို့မှ ပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မီးစက်၊ အားသွင်းစက်နှင့် မီးချောင်းများကို လေးကန်ရွာ၊ ကျောက်ဆုံရွာ၊ ဆေးအိုးကျရွာနှင့် တင်းကုတ်ကျေးရွာတို့မှ ရပ်မိရပ်ဖများထံ ပေးအပ်လှူဒါန်းကြပြီး**(ယာပုံ)** မုန်တိုင်းဒဏ် ကြိုတင်ကာကွယ်နည်း ပိုစတာများကို ဝေငှပေးကာ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီ အခြေခံ ကာယဗလနှင့် ကာယအလှသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီ အခြေခံကာယဗလနှင့် ကာယအလှသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ကျောင်းသားလူငယ် မောင်မယ်များသည် ရွှေတိုင်မောင် ဦးသန်းရွှေ (အဖွဲ့ချုပ်သင်တန်းခန်းမ၊ မြို့တော်စည်ပင် အားကစားရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်)၊ မောင်ဗမာ ဦးစိန်မောင် (၆- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်)၊ ဦးနီ (၄- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်)၊ မောင်ဗမာကျော်စိန် (အောင်ဆန်းအားကစားကွင်း)၊ ဝိုင်အမ်စီအေ ကာယဗလမောင် ဦးသိန်းဖေ (ပုဇွန်တောင်မြို့နယ်)၊ မောင်မြန်မာ မြဦးမောင် (လသာမြို့နယ်)၊ မြောင်းမြမောင် ဦးဇော်ထွန်း (တာမွေမြို့နယ်)၊ ဦးခင်မောင်တူးနှင့် ဦးတင်ထွန်း (သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်)၊ မောင်မြန်မာစောသိန်းအောင်နှင့် လေးနိုင် (သာကေတမြို့နယ်၊ ၆-ရပ်ကွက်)၊ ဦးအောင်တင် (သန်လျင်မြို့နယ်၊ သီဟဒီပ အားကစားရုံ)တို့ထံတွင် သင်တန်းဝင်ခွင့် ပုံစံများကို ထုတ်ယူနိုင်ပြီး အသေးစိတ်မေးမြန်းစုံစမ်းလိုပါက သင်တန်းတာဝန်ခံ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းသန်း ဖုန်း- ၃၇၄၀၁၁(မြို့တော်စည်ပင်)နှင့် ဦးကျော် စိန်သန်း (အောင်ဆန်းအားကစားကွင်း အထူးတန်း၊ ဖုန်း- ၃၇၄၅၀၂) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဥသျှစ်ပင်-ကံမ-သရက်-မင်းဘူး ရထားလမ်းပိုင်း ဇလီဖားတုံးနှင့် ကျောက်ဖြည့်တင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်းနှင့်တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းရှိ ပန်းတောင်းဘူတာ တည်ဆောက်ပြီးစီးမှု၊ ယာဒ်ဝင်းအတွင်း သံလမ်းများ ခင်းကျင်းထားမှု၊ ဇလီဖားတုံးနှင့် ကျောက်ဖြည့်တင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် RBE အထူးရထားဖြင့် ညောင်ကိုင်းဘူတာအထိ ရထားလမ်းသစ်အား သံလမ်းခင်းကျင်းထားမှု၊ဇလီဖားတုံးနှင့် ကျောက်ဖြည့်တင်းထားမှု ၊ သံလမ်း Level ညီမညီ၊ ရထားလမ်းကွေ့များ သတ်မှတ်ဒီဂရီနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိနှင့် အထူးရထားစမ်းသပ် မောင်းနှင်ခြင်းအား စီးနင်းလိုက်ပါ၍ရထားလမ်းတစ်လျှောက် လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ဒါန်းကိုင်းရွာအနီး၌ ဥသျှစ်ပင်-ကံမရထားလမ်းသစ်အား ဇလီဖားတုံး ထည့်သွင်းခြင်းနှင့် ကျောက်ဖြည့်တင်းဆောင်ရွက်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းများအား ဝန်ကြီးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ ကညင်တိုင်းကျေးရွာအနီး မြန်မာ့မီးရထားမှ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်း၊ ဇလီဖားတုံး အပေါက်ဖောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးကသတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြား၍ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကံမမြို့အနီး ဆောက်လုပ်လျက်ရှိသော မဒေးချောင်းတံတားသို့ ရောက်ရှိပြီး တံတားအနီး မြေထိန်းနံရံများဆောင်ရွက်ထားရှိမှု၊ တံတားကြံ့ခိုင်မှု၊ တံတားလက်ရန်းများတပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကံမ ဘူတာသို့ ရောက်ရှိပြီး ကံမဘူတာ အဝင်လမ်းနှင့် ဘူတာတည်ဆောက်ပြီးစီးမှု၊ ခရီးသည်နားနေဆောင်၊ ဘူတာယာဒ်ဝင်းနှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ဝန်ထမ်း နေအိမ်တည်ဆောက်ပြီးစီးမှု၊ ကံမ-သရက် လမ်းပိုင်းရှိ မင်းတုန်းချောင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ကံမ-သရက် ရထားလမ်းသစ်ဖောက်လုပ်ထားသည့် လမ်းအူကြောင်းအတိုင်း မြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား တာဝန်ရှိသူများကသရက်နှင့် ပွင့်ဖြူအကြား ကျားကိုက်တောင်ကြား၌ ရထားလမ်းသစ်အား စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ သရက်- မင်းဘူးကြားရှိ ဆိုင်စု-အင်းမ လမ်းပိုင်းရထားလမ်းသစ် ဖောက်လုပ်ပြီးစီးမှု၊ သရက်-မင်းဘူး-ပွင့်ဖြူ ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မင်းဘူးအထိ ရထားလမ်းသစ်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဥသျှစ်ပင်-ကံမရထားလမ်းပိုင်းတွင် ကျောက်ဖြည့်တင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

မြေနီကျောက်ချောလမ်းဖွင့်

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက် ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပြလမ်း (၃)ရပ်ကွက်၊ အမှတ်(၇)လမ်း မြေနီကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည် ၁၀၉၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး ခွင့်ပြုရန်ပုံငွေ ၃၁ ဒသမ ၀၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကြေးမုံ ရုပ်ရှင်

ယခုသောကြာပတ်တွင်လည်း ခယ်မအမြန်အစွဲထုတ်ဦးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၇ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ ဖြစ်သော သမ္မတနှင့် သွင်ရုံတို့တွင် ဖြိုးနှင့်မင်းရုပ်ရှင် ထုတ်လုပ်ဖြန့်ချိရေးမှ အကြည်တော်၏ ဝါရင့်အရောင်းထိုင်းဝတ္ထုကို စိုးကျော်ဆန်း ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ခတ်ပုံ အဏ်ထော်ဏီ(မော်လမြိုင်) ရိုက်ကူးသည့် **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွဲထုတ်ရန်ရှိသည်** ဟာသဇာတ်ကား ဆက်လက်ပြသသွားမည် ဖြစ်သည်။ ကျော်ရဲအောင်၊ ဗေလုဝ၊ လျှမ်းပြည့်၊ စိုးမြတ်သူဇာတို့နှင့်အတူ ဟာသသရုပ်ဆောင်များ အင်အားပြည့် ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် နာမည်ကြီးဟောလီးဝုဒ်သရုပ်ဆောင် JASON STATHAM ၏ ထရန်စပိုတာ ဇာတ်လမ်းတွဲများထဲမှ နာမည်ကြီးဇာတ်ကား တစ်ကားဖြစ်သည့် TRANSPOR- TER-3 ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ၂၀၀၈ ခုနှစ်အတွက် အော်စကာဆုရှစ်ဆုရရှိခဲ့သည့် SLUMDOG MILLION AIRE ဇာတ်ကား ပြသမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ကျူးကျော်ရပ်ကွက်တစ်ခုတွင် ကြီးပြင်းခဲ့ရသည့် ဆင်းရဲသား လူငယ်ကလေးတစ်ယောက် ဘဝမှ သန်းကြွယ်သူဌေးကြီးဖြစ်ခဲ့ရသူ တစ်ဦး၏ ဘဝကိုရိုက်ကူးထားသော ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ဘုရင်ရုံတွင် မင်းသားချော ဆာလ်မန်ခန်း၊ ရာနီးမူကာဂျီနှင့် ပရီတီးဇင်းဒါး တို့ပါဝင်သည့် HAR DIL TO PYAR KARESA မေတ္တာဘွဲ့ အချစ်ဇာတ်ကား၊ မြို့မရုံတွင် အမိရ်ခန်း၊ ကရစ်ရှမာကပူးတို့ ခေါင်းဆောင်ပါဝင်သည့် RAJA HINDU STANI အကယ်ဒမီငါးဆုရ ဇာတ်ကားတို့ ပြသမည် ဖြစ်သည်။

ဆုထူးပန်ရုံတွင် ဒါရိုက်တာ ညီညီထွန်းလွင်၏ **ဟော့ရှော့** ဟာသ ဇာတ်ကား တစ်ကျော့ပြန် ပြသမည်ဖြစ်သည်။

မကြာမီရုံတင်မည့်မြန်မာဇာတ်ကားသစ်

ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗိုနှင့် မိုးဒီတို့ ခေါင်းဆောင်ပါဝင်သည့် **အများနှင့်မသက်ဆိုင်သောသူ** မြန်မာဇာတ်ကားသစ် မကြာမီ မြို့လယ်ရုံ များတွင် ပြသတော့မည်ဖြစ်သည်။ (ကြေးမုံ)

မကြာမီရုံတင်တော့မည့် အများနှင့်မသက်ဆိုင်သောသူ ဇာတ်ကားသစ်မှ ရဲအောင်၊ ခန့်စည်သူနှင့် ထွန်းအိန္ဒြာဗိုတို့၏ သရုပ်ဆောင်ဟန်။ (ကြေးမုံ)

IBTC OPEN GOLF CHAMPIONSHIPS ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ရန်ကုန်နောက်ဆုံးပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိရန်ကုန်ဂေါက်ကလပ် (တည်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ဒုတိယနေ့ (၁၈) ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စတုတ္ထလိုက်

နိုင်နိုင်လင်း (Point Golf Shop)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ မင်းနိုင်(Srixon)နှင့် အောင်ဝင်း (Srixon)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်စီဖြင့် တတိယ၊ လှမျိုး (Srixon)နှင့် မြင့်ရွှေ (Srixon) တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၇ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၅ချက်ဖြင့်ဒုတိယ၊သိန်းအေးက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၆ချက်ဖြင့် တတိယနှင့် မောင်မောင်ဦးနှင့် ရန်မျိုးအေး တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၀ စီဖြင့် စတုတ္ထလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့ဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေး အတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် KBZ Bank, Air Bagan Ltd, Hotel Yangon, Ruby Dragon (Jade & Gems) Co.,Ltd, Srixon, MGW Construction Ltd, Myanmar Red Star International Co.,Ltd., KM Golf Center, Accel International Co.,Ltd.(Canon), Alpine Purified Drinking Water, MY Associates Co.,Ltd., ကျားခေါင်းဘိလပ်မြေစက်ရုံ၊ Life Line Co.,Ltd. (DHEA Plus) တို့က ထပ်မံပံ့ပိုးကူညီကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော ဇော်ဇော်လတ် (Srixon)။

(မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်)

✳ ရှေ့ဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ ကြိုတင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့သို့ ကြိုတင်ထွက်ခွာသွားကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၇နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့၏ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာတစ်လျှောက်နှင့် လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့မဈေး၊ လေဆိပ်အဝင်မုခ်ဦးနှင့် အားကစားကွင်းတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံရာ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဝတ်အထည်များကို ပေးအပ်ကြသည်။

ဗိုလ်ချုပ်အုန်းမြင့်သည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီး ပြည်ထောင်လမ်းဘေးရှိ မြစ်ကြီးနားတပ်နယ် ဘက်စုံစိုက်ပျိုးခြံ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ ရော်ဘာနှင့် ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ထောက်ပံ့ပစ္စည်းများပေးအပ်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) အမှတ်တရ ရွှေတံဆိပ်ဆု ချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ရန်ကုန်စီးပွားရေးတက္ကသိုလ် ၂၀၀၄ (Intake)၊ ၂၀၀၅ (Intake) တွင် B.Com; B.Act; B.B.A ဘွဲ့ရရှိသူများမှ ပထမ၊ ဒုတိယ၊ တတိယ အဆင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပါမောက္ခဆရာကြီး ဦးဝီလျံပေါ အမှတ်တရ ရွှေတံဆိပ်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၈ ရက် ညနေ ၆ နာရီခွဲတွင် အင်းလျားလမ်း၊ အမှတ်(၂၈)၊ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

ဆုရကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသေးစိတ်သိလိုပါက အတွင်းရေးမှူး ဦးမိုးကျော် ဖုန်း-၀၉၅၁၅၄၅၇၄၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသီတာ ဖုန်း-၀၉- ၅၀၀၀၇၅၂၊ ရုံးအဖွဲ့မှူး ဦးဘဝင်း ဖုန်း- ၂၉၁၆၆၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဗီယက်နမ်သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နွေရာသီ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းနှင့် Han Golf Masters Academy တို့က နွေရာသီ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းများကို မတ် ၉ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေး မည်ဖြစ်သည်။

အဆိုပါ သင်တန်းများမှာ အခြေခံဂေါက်သီးရိုက်သင်တန်းနှင့် ကွင်းပတ်အဆင့်ဂေါက်သီးရိုက်သင်တန်းများဖြစ်ပြီး ဝါရင့်နည်းပြဆရာဖြစ်သော ဦးဆန်းထွန်း (PGA Professional)နှင့် လက်ထောက် နည်းပြဆရာများက စနစ်တကျစာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသားအရေအတွက် ကန့်သတ်ထား၍ တက်ရောက်လိုသော လူငယ်မောင်မယ်များသည် မတ် ၇ ရက်ထက် နောက်မကျဘဲ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၆၅၁၇၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်သူလယ်သမားနေ့တွင် လော်ကားဥယျာဉ် ဖွင့်လှစ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန်နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၂ရက် တနင်္လာနေ့ (တောင်သူလယ်သမားနေ့)တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

၂၀၀၉ ခုနှစ်(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ (၂)၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က မြန်မာ့အာဇာနည်၊ ပြည်သူ့သားစစ်သည်၊ ရဲသွေးရဲမာန်၊ ဒို့စစ်သည် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ တပ်မတော်စံပြ ဒို့တပ်မတော် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်ပွဲရတဲ့ ဒို့စစ်သည်၊ တပ်မတော်၊ စံပြဒို့တပ်မတော် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်၊ ထာဝစဉ်နိုးကြားနေတဲ့ တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော် စစ်ချီသီချင်းဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဖန်နေဝန်း၊ တူယှဉ်ကာတိုက်စို့၊ အောင်လံလွှင့်မယ့်ဒို့တပ်မတော် စစ်ချီသီချင်းများဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ အကျဉ်းဦးစီးဌာန နွေစပါးစိုက်ခင်းများနှင့် ဆည်မြောင်းဦးစီးဌာန ခုနစ်မိုင်ရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းမြို့ GSM ရေဒီယိုစခန်း(၂) စက်မှုအဆောက်အအုံနှင့် တာဝါဖောင်ဒေးရှင်း တည်ဆောက်မှုစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပုလုံးတုံးတုံးတံတား ပြန်လည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် ကော့သောင်းမြို့ စုပေါင်းရုံးခန်းမ၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံပြီး အမြန်ရေယာဉ်ဖြင့် ကော့သောင်းမြို့မှ ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ဝါးကျွန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကုန်စုံဆိုင်နှင့် ဝါးကျွန်းအခြေခံပညာ မူလတန်းလွန်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး သာအေး ကော့သောင်းမြို့ ပုလုံးတုံးတုံး တံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❍ ကော်ဖီသောက်ခြင်းမှ

အသက်(၄၀)မှ (၆၄)နှစ်အရွယ် ယခင်ကင်ဆာရောဂါဖြစ်ပွားခြင်း မရှိသေးသူများ အပါအဝင် လူ ၃၈၀၀ ကျော်ကို လေ့လာဆန်းစစ်ခဲ့ရာ ကော်ဖီသောက်ပြီးနောက် ၁၃ နှစ်အတောအတွင်း ပါးစပ်၊ လည်ချောင်းဝနှင့် အစာရေမျိုကင်ဆာဖြစ်ပွားမှုမှာ အဆိုပါလူ ၃၈၀၀ တွင် ၁၅၇ ဦးသာ ဖြစ်ပွားသည်ကို တွေ့ရသည်။

ကော်ဖီမသောက်သူများနှင့် နှိုင်းယှဉ်ကြည့်သောအခါ တစ်နေ့လျှင် ကော်ဖီတစ်ခွက်ထက် ပိုသောက်သောသူများသည် ခံတွင်းကင်ဆာဖြစ်ပွားမှုမှာ မသောက်သောသူများတွင် ဖြစ်သောနှုန်း၏ တစ်ဝက်ခန့်သာ ဖြစ်သည်ဟု အမေရိကန် ကူးစက်ရောဂါဆိုင်ရာဂျာနယ်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

▲ ကျောဖုံးမှ

ယခုအခါ ဖရဲတစ်ပင်ကို အရည်အသွေးအကောင်းမွန်ဆုံးခေါင်သီးများကိုသာ ရယူစိုက်ပျိုးပြီး ဈေးကွက်အတွင်းသို့ အပြိုင်အဆိုင် ထိုးဖောက် ရောင်းဝယ်လာခဲ့သည်။ ဈေးကွက်ဝင်ဖရဲသီးတစ်လုံး၏ အလေးချိန်သည် အနည်းဆုံး သုံးပိသာခွဲရှိမှ ရောင်းတန်းဝင်ဖရဲ ဖြစ်လာသည်။

နယ်စပ်ဈေးကွက်တွင် ဖရဲ၊ သခွားမွှေးများ ရောင်းအားကောင်းခြင်းကြောင့် ဖရဲစိုက်ပျိုးသူ များပြားလာသည်။ စိုက်ပျိုးရာဒေသများတွင်လည်း ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးလာသကဲ့သို့ သယ်ယူပို့ဆောင်ရေးယာဉ်များလည်း လုပ်ငန်းတွင်ကျယ်လာခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့် ဖရဲတန်ချိန် တစ်သိန်းကျော် တင်ပို့ရောင်းချ နိုင်ခဲ့သည့်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေပေးနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်လာသည်။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ပြောင်း၊ နှမ်း၊ ပဲတီစိမ်းနှင့် ပဲအမျိုးမျိုးတို့မှာလည်း တစ်ဖက်ဝယ်လက်တို့အကြိုက် နယ်စပ်ဒေသတွင် ရောင်းဝယ်အား ကောင်းခဲ့ပြန်သည်။

ပြောင်းဆန်သည် တစ်ဖက်နိုင်ငံ၌ ထွက်ရှိသော်လည်း ထွက်နှုန်းနှင့်သုံးစွဲမှု မလောက်င၍ မြန်မာ့ပြောင်းဆန်များသည် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ရောင်းပန်းလှခဲ့သည်။ ပြောင်းဆန်ကို မုန့်အမျိုးမျိုးနှင့် တိရစ္ဆာန်အစာအစာများပြုလုပ်ရန် အဓိကဝယ်ယူခဲ့ပြီး အနီးဆုံး ပြင်ပပြည်နယ်တစ်ခုတည်း၏ ဝယ်လိုအားမှာပင် တန်ချိန် ၁၀၀၀၀ မှ ၁၅၀၀၀ အထိရှိလာသည်။ တစ်ဖက်နိုင်ငံပြည်နယ်များတွင်လည်း ဝယ်ယူမှုအားကောင်းခြင်းကြောင့် ၂၀၀၇-၂၀၀၈ ရာသီတွင် ပြောင်းဖူးတန်ချိန် တစ်သိန်းသုံးသောင်းကျော် တင်ပို့နိုင်ခဲ့သည်။ ယခုနှစ်တွင်လည်း ဝယ်လိုအားတိုးတက်၍ မနှစ်ကပြောင်းဆန် တင်ပို့ခဲ့သည့် စံချိန်ကိုကျော်နိုင်မည်ဟု ခန့်မှန်းထားသကဲ့သို့ မြန်မာ့နှမ်းသည်လည်း နယ်စပ်ဈေးကွက်တွင် ရောင်းပန်း လှနေသည်။

ကမ္ဘာ့ကုန်သွယ်မှုဈေးနှုန်း ကျဆင်းခဲ့ရာ၌ မြန်မာ့နှမ်းဈေးနှုန်းမှာ တန့်နေသော်လည်း မုန့်များလုပ်ရန်နှင့် ဆီကြိတ်ရန်အတွက် အရောင်းအဝယ်လိုက်နေကြောင်း သိရသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နှမ်းတန်ချိန် ခြောက်သောင်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်စိုက်ပျိုးပြီးသူများ ဝယ်လိုအားများသလောက် ရောင်းချနိုင်၍ ယမန်နှစ်က စံချိန်ကို ချိုးနိုင်မည်ဟု သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ် အတက်အကျ သွက်လက်လှသော ပဲတီစိမ်းသည် နယ်စပ်ကုန်သွယ်ရေး ရောင်းပန်းတွင် ယခင်က တန့်ခဲ့သော်လည်း နိုင်ငံတော်မှ ကုန်စည်ပြပွဲများ ပြုလုပ်ကျင်းပပေးခြင်း၊ ဈေးကွက် ထိုးဖောက် ဝင်ရောက်နိုင်အောင် စီးပွားရေးလမ်း ဖွင့်ပေးခြင်းတို့ကြောင့် တိုက်ရိုက်ဆက်သွယ်ရောင်းဝယ် လာနိုင်သကဲ့သို့ ဝယ်လက်အကြိုက်ပစ္စည်းများကိုလည်း အဆင့်အတန်းမြင့်အောင် သန့်စင်ထုပ်ပိုး ရောင်းချလာသည်။ ပဲတီစိမ်းများကို တစ်ဖက်နိုင်ငံ ဒေသခံများက အပူခံအစားအစာအဖြစ် စားသုံးသည့်အတွက် ဆောင်းတွင်းတွင် အရောင်းအဝယ်အေးပြီး နွေရာသီတွင် အရောင်းအဝယ်သွက်ကြောင်းသိရသည်။

နယ်စပ်ဒေသတွင် ယမန်နှစ် နိုဝင်ဘာလမှစပြီး ဆန်တင်ပို့ရောင်းဝယ်မှုကို ခွင့်ပြုခဲ့သည့်အတွက် ဆန်အရောင်းအဝယ် အခြေအနေများမှာ ရောင်းအားကောင်းနေသည်ကို တွေ့ရသည်။ ဈေးကွက်တွင် ၇၄၇ အမျိုးအစားဆန်များမှာ အများဆုံးအရောင်းအဝယ်ဖြစ်ပြီး ဆန်အရည်အသွေးကို စူပါ-၅ အဆင့်ထိ ခွင့်ပြုသတ်မှတ်ထားကြောင်း၊ တစ်ဖက်နိုင်ငံမှ မြန်မာ့ဆန်များကို စားသုံးရန်နှင့် စက်ရုံများတွင် အသုံးပြုရန်အတွက် ဝယ်ယူကြသဖြင့် ဆန်ဝယ်ယူမှု အားကောင်းကြောင်း၊ ယခုနယ်စပ် ဆန်ပေါက်ဈေးမှာ တစ်တန်လျှင် လေးသိန်းဝန်းကျင်ခန့်ရှိပြီး ၂၀၀၈ နှစ်ကုန်ပိုင်းအထိ တန်ချိန် ၃၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနယ်စပ်ဈေးကွက်သို့ ဆန်များဆက်တိုက်ဝင်နေပြီး ဈေးလည်းကောင်းကြောင်း နယ်စပ်ကုန်သွယ်ရေးဈေးကွက်မှ သိရသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ကဗျာပန်းဥယျာဉ်
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၂၀	၇။	**"မမြင်ကွယ်ရာ" (မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊မတူး) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၈း၃၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၄၅	၅။	Yan Can cook
၁း၀၅	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၂၆)**
၁း၅၀	၇။	ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၂း၃၀	၈။	တေးဂီတအစီအစဉ်
၂း၄၀	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၄၅	၁၀။	International News
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အဆိုပြိုင်ပွဲ
၄း၂၀	၃။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၀	၅။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)(အပိုင်း-ခ)
၅း၀၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၅း၁၀	၇။	**"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (မင်းမော်ကွန်း၊လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဉ္ဇလီတင့်၊ ဂွမ်းပုံ၊ ရော)**
၅း၁၅	၈။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅း၃၀	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၅း၅၀	၁၀။	ဖြူသီ၏တေးသီချင်းများ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၀	၁၂။	မိုးလေဝသအခြေအနေ
၆း၁၅	၁၃။	အလှူရှာမယ်လှူကမ္ဘာဝယ်
၆း၅၀	၁၄။	ပဋ္ဌလက်ကျောင်းတော်
၇း၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှင့်ယှဉ်သောမေတ္တာ" (အပိုင်း-၂၂)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာမုန်တိုင်း"(အပိုင်း-၁၄)**
	၂၁။	အစီအစဉ်ပြီး၏။

မုန့်အမျိုးမျိုးနှင့် တိရစ္ဆာန်အစာအစာ ပြုလုပ်ရန်အတွက် နယ်စပ်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်သော မြန်မာ့ပြောင်း။

MRTV - 4
ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၉ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မမေ့အပ်တဲ့ လေးဌာန"တရားတော် (အပိုင်း-၁) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၅၀ - ၁း၅၀	နိဗ္ဗာန်ကိုရည်သန် ဖူးကြမည်ဇေန်မြတ်စေတီ ကျိုက်သလ္လံ
၈း၁၀ - ၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅ - ၂း၃၅	ပွင့်သောပန်းတိုင်းလန်းဆန်းစေရာ စာပန်းအိမ်မှာ
၉း၀၅ - ၃း၀၅	Golf ချစ်သူများအတွက် သတင်းကောင်း
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဦးထွန်းထွန်းဦး(ကမ္ဘောဇရိပ်သာ)နှင့် တွေ့ဆုံခြင်း]
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	ဟန်ကျတဲ့စံပြစိုက်ပျိုးရေးအထူးဇုန်
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	သွားမယ်စားမယ် Kruwa Namtip THAI FOOD RESTAURANT
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	**ကျန်ရစ်ခဲ့သောခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြည်ဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)**
၁၁း၄၅ - ၅း၄၅	Yangon Panorama (သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနား)
၁၂း၀၀ - ၆း၀၀	Activities In The City (သွားဘက်ဆိုင်ရာဆရာဝန်များ၏ မြတ်ဆရာပူဇော်ပွဲ)
၁၂း၂၀ - ၆း၂၀	Hotel Guide (Hotal Yangon)
၁၂း၅၀ - ၆း၅၀	မြန်မာ့တူရိယာစည်တော်ကြီး
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Everton - West Brom	ESPN (Live)
၉း၂၅	Chelsea - Wigan	ESPN (Live)
	Middlesbrough-Liverpool	STAR SPORTS (Live)
၁၁း၅၅	Arsenal - Fulham	STAR SPORTS (SDD)

✷ ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

Serie A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Lazio - Bologna	5-Cartoon (Live)
၂း၀၀	Juventus - Napoli	5-Cartoon (Live)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ လေယာဉ်မှူးလိုင်စင်(မြေပြင်)သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လေယာဉ်မှူးလိုင်စင်(မြေပြင်)သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လူငယ်လူရွယ်များအတွင်း မြို့ပြလေကြောင်းပို့ဆောင်ရေး အတတ်ပညာ အသိပညာများ ပြန့်ပွားလာရေးနှင့် မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေယာဉ်မှူးလိုင်စင်(မြေပြင်)သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊တက္ကသိုလ်နှင့်ကျောင်းများမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ပြည်တွင်း လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ လေကြောင်းပညာသိပ္ပံမှ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ၌ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ မြို့ပြလေကြောင်း ပို့ဆောင်ရေးတွင် အဖွဲ့ချုပ်၏ စံချိန်စံညွှန်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်း၏ သင်ရိုးညွှန်းတမ်းများသည် နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်းဖြစ်၍ ဤမြေပြင်သင်တန်းမှ သင်တန်းသားများကို နိုင်ငံရပ်ခြားတွင် လေယာဉ်မှူးပျံသန်းရေး သင်တန်းများသို့ ဆက်လက်တက်ရောက်နိုင်ရေးအတွက် များစွာအထောက်အကူပြုနိုင်ကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းခန်းမနှင့် Media Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၃၂ ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းအနေဖြင့် သင်တန်းသားများအတွက် ပျံသန်းရေး လေယာဉ်မှူးသင်တန်း ဆက်လက်တက်ရောက်နိုင်မည့် ပေါင်းကူးသင်တန်းဖြစ်ပြီး ပျံသန်းမှု လေယာဉ်မှူးသင်တန်းကို ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရွှေကြို့ပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက်တွင် မော်လမြိုင်မြို့နယ် မန္တလေးရပ်ကွက် အတ္တရံဟိုတယ်အနီး သဲပုံဆိပ်(ငါးဖမ်းလှေဆိပ်)၌ ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပရာ မော်လမြိုင်ခရိုင် ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်စိုးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးတို့က ရေလုပ်သားများအား ယခုအချိန်အခါတွင် ငါးသယံဇာတ ထိန်းသိမ်းရေးကိစ္စများ ဆောင်ရွက်ရန် လိုအပ်ပုံနှင့် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ပေးနေပုံတို့ကိုလည်းကောင်း၊ မျိုးသုဉ်းမှုမှ ကာကွယ်ရန်အတွက် ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန် တားမြစ်ထားသည့် လိပ်များ၊ ငါးမန်းများစသည့် တားမြစ်ရေသတ္တဝါများ အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောပြီး ငါးသယံဇာတ ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် တားမြစ်ထားသည့် ဘတ္တရီရှော့တိုက်ငါးဖမ်းခြင်း အပါအဝင် တားမြစ်ထားသည့် ငါးဖမ်းနည်းများဖြင့် ဖမ်းဆီးခြင်းမပြုရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ်(၁၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၁၂၁)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ နှစ်တစ်ရာပြည့်တော့မည့် ဆရာထင်၊ မြင်းမူမောင်နိုင်မိုး၏ လမင်းနှင့် နေမင်း၊အလှဆိုသည်မှာ၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၁၃)၊ ကိုကိုလှိုင်၏ ထူးထူးခြားခြား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အာရှခရီးသွားတောလား၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက **'မရှိမဖြစ်'**၊ ရေသမိုင်းကြောင်း(၄)ဒုတိယကမ္ဘာစစ်နီးမှ တည်ဆောက်သွားတဲ့ ဂျိုးဖြူရေကန်သာ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၁၅)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂၄)၊ သစ်လွင်မိုး၏ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းနေပြီဖြစ်တဲ့ ကာဂျစ္စတန်အခြေအနေ၊ မိုး(နေပြည်တော်ပျဉ်းမနား)၏ အိုင်ဗင်ဟို၊ ဖိတ်ခြင်းဖိတ်ရင် အိတ်ထဲပဲဖိတ်မယ်ဆိုတဲ့ အိုဘားမားရဲ့ စီးပွားရေးပေါ်လစီ၊ ဒေါ်လာ ရှစ်ဘီလီယံ လိမ်လည်သည်ဟုစွပ်စွဲခံရသူ သန်းကြွယ်သူဌေးကြီး ဆာအလန်စတန်းဖို့ဒ်၊ သီရိလင်္ကာမှ တမီးလ်ကျားသူပုန်များ ပြိုကွဲလုနီးပါး ဖြစ်လာ၊ အင်ဒိုနီးရှားနိုင်ငံရဲ့ သမ္မတလောင်းရွေးချယ်ပွဲ၊ ရွှေဒင်္ဂါးပြား တစ်သိန်းခန့် တင်ဆောင်ထားသော ရှေးခေတ်စစ်သင်္ဘောပျက် ရှာဖွေတွေ့ရှိ၊ **'လေကြောင်းမြို့တော်'** ထဲက သူတို့နှစ်ဦး တကယ်ချစ်သွားကြပြီ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ၊ ၁၃ စောင် ၅၈၅၀၊ ခြောက်လ၊ ၂၆ စောင် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီး စီး ခဲ့ သည့် နတ် တ လင်း-ကျောက်ခွက်ကျေးလက် မြေနီလမ်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး မောင်ဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့ထံမှ ပေးစာများ

ယမကာဆိုင်မှ သောက်စားမူးယစ်ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် တိုးချဲ့(၁) အောင်ဇေယျလမ်းရှိ အိမ်တစ်အိမ်တွင် အရက်များ၊ ခေါင်ရည်များကို နံနက်မှ ညဉ့်နက်သည်အထိ ရောင်းချလျက်ရှိရာ သောက်စားမူးယစ်သူများ၏ ဆူညံမှု၊ ကြမ်းတမ်းစွာပြုမူ ပြောဆိုမှုများကြောင့် ပတ်ဝန်းကျင်နေ စာရေးစာဖတ်သူများ၊ သက်ကြီးရွယ်အိုများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရက်ဆိုင်အား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အောင်ဇေယျလမ်းသား

ဆိုးဆေးနံ့ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းရှင့်-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် ၂၅ လမ်းနှင့် စေတနာရှင်လမ်းထောင့်တွင် ဆေးဆိုးပန်းရိုက်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ဓာတုဆိုးဆေးများ၏ အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ် ရှူရှိုက်ခံစားနေရပါသဖြင့် ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဆိုးဆေးအနံ့ဆိုးများကင်းစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆေးနံ့မခံနိုင်သူ

လူသွားလမ်းပေါ်ကျူးကျော်ဆောက်လုပ်မှု ဖယ်ရှားစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅)ရပ်ကွက် ညောင်တန်းအိမ်ရာ ညောင်တန်းလမ်းသွယ်(၁) လူသွားလမ်းမပေါ်တွင် အဆောက်အအုံတစ်ခု ကျူးကျော်ဆောက်လုပ်ထားသည့်အပြင် ထပ်မံတိုးချဲ့မှုပြုလုပ်လျက်ရှိရာ ယာဉ်များနှင့် လမ်းသွား လမ်းလာများ ဝင်ထွက်သွားလာရာ၌ အနှောင့်အယှက် ဖြစ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လမ်းပေါ်မှ အဆိုပါ အဆောက်အအုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အိမ်ရာနေသူများ

ရေမြောင်းအတွင်းမိလ္လာများ စီးဝင်ပိတ်ဆို့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် ၅၃ လမ်းနှင့် ၅၄ လမ်းတို့၏ နောက်ဖေးလမ်းကြားရှိ ရေစီးမြောင်းအတွင်း မိလ္လာများ စီးဝင်ပိတ်ဆို့နေသဖြင့် အနံ့အသက်ဆိုးများ ပျံ့နှံ့လျက်ရှိပါသည်။ ထို့အပြင် ၅၄ လမ်း၊ တိုက်အမှတ်(၉)နှင့် တိုက်အမှတ်-၃၃ တို့၏ မြေအောက်ရေပိုက်မှရေများ အမြဲယိုစိမ့်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

ဂဟေဆက်လုပ်ငန်း မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၅)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် မင်းရဲကျော်စွာလမ်းထောင့်အနီးရှိ စက်ဘီးပြင်ဆိုင်သည် ရေဘုံပိုင် လမ်းကြားမြေပေါ်တွင် အခိုင်အမာ အဆောက်အအုံတစ်ခု ဆောက်လုပ်နေထိုင်လျက်ရှိပြီး ဓာတ်ငွေ့ဖြင့် ဂဟေဆက်သည့်လုပ်ငန်းကိုပါ လုပ်ကိုင်နေသောကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတရားမဝင်နေထိုင်၍ လုပ်ငန်းလုပ်ကိုင်နေခြင်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

တရားမဝင် ကားပွဲစားတန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း မလွှကုန်းဌေးကြွယ် (က) ရပ်ကွက်နှင့် ကျားကွက်သစ်ရပ်ကွက်တို့အတွင်းရှိ သတိပဌာန်လမ်းပေါ်တွင် တရားမဝင် ကားပွဲစားတန်းရှိရာ လမ်းပိတ်ဆို့မှုကြောင့် ကားများ သွားလာရေး မလွယ်ကူသည့်အပြင် ကားရောင်းဝယ် လုပ်ကိုင်နေသူများထဲမှ မူးယစ်သောက်စားသူများ၏ ရိုင်းပျသောအပြောအဆို အပြုအမူများကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကားပွဲစားတန်းအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

တိုက်လှေကားမှ ခွေးလေခွေးလွင့် ရှင်းလင်းပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဦးလူမောင်လမ်း တိုက် ၈ (အေ) ဒုတိယမြောက်လှေကား ၅-လွှာရှိ အခန်းတစ်ခန်းရှေ့တွင် ခွေးလေခွေးလွင့်ကို အစားအစာကျွေး၍ မွေးမြူထားရာ လှေကားသည် သဘာဝအလင်းရောင် လေဝင်လေထွက်မရှိသည့်အတွက် ခွေးနံ့များ နံစော်နေသည့်အပြင် လှေကားအတက်အဆင်း ပြုလုပ်နေသူများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ဖြစ်ပါ၍ တိုက်လှေကား၌ ခွေးလေခွေးလွင့် မွေးမြူထားခြင်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

ရေဆိုးပိုက်နှင့် မိလ္လာပိုက်များ ပြုပြင်ပြီးစီး

၁၃-၉-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဗိုလ်တထောင်မြို့နယ် ၁၀ ရပ်ကွက် ၄၆ လမ်းမှ **ရေဆိုးပိုက်နှင့်မိလ္လာပိုက်များ ပြုပြင်စေလို** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော် ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

နိုင်ငံတကာအားကစားသတင်း

ကားလင်းဖလားဖိုင်နယ်ပွဲ မန်ယူနှင့် စပါးတို့ ယှဉ်ပြိုင်မည်

ဝင်းတင်(ကြေးမုံ)

လန်ဒန် ဖေဖော်ဝါရီ ၂၇

ကားလင်းဖလားဗိုလ်လုပွဲကို မတ် ၁ရက် (တနင်္ဂနွေနေ့) ည ၉နာရီခွဲမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို အစဉ်အလာအတိုင်း ဝင်ဘလေကွင်းကြီးမှာ ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။ ကားလင်းဖလားဟာ အက်ဖ်အေဖလားလောက် သက်တမ်း မရှိပေမယ့် အတိုင်းအတာတစ်ခုအထိတော့ အစဉ်အလာကြီးမားတာ အမှန်ပဲ ဖြစ်ပါတယ်။

ဖြတ်သန်းယှဉ်ပြိုင်ခဲ့

ကားလင်းဖလားပြိုင်ပွဲကို ပရီမီယာလိဂ်အသင်း ၂၀နဲ့ အောက်တန်းများက အသင်း ၇၂ သင်း ပေါင်း ၉၂သင်း ပါဝင်ယှဉ်ပြိုင်စေခဲ့ပါတယ်။ ဒီပြိုင်ပွဲကို အကြိုအဆင့် ၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်၊ ကွာတားအဆင့်၊ ဆီမီးအဆင့်နဲ့ ယခု ဗိုလ်လုပွဲစသဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ရခြင်းလည်း ဖြစ်ပါတယ်။ ဗိုလ်လုပွဲကို တက်လာခဲ့တဲ့ မန်ယူဟာ တတိယအဆင့်ကနေ စတင်ယှဉ်ပြိုင်ခဲ့ရပြီး တတိယအဆင့်မှာ မစ်ဒယ်ဘရော့၊ စတုတ္ထအဆင့်မှာကျူပီအာ၊ ကွာတားအဆင့်မှာ ဘလက်ဘန်းနဲ့ ဆီမီးဖိုင်နယ်မှာ ဒါဘီတို့ကို အနိုင်ရပြီး တက်လာနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိကားလင်းဖလား ချန်ပီယံ စပါးဟာလည်း တတိယအဆင့်ကပင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရပြီး တတိယအဆင့်မှာ နယူးကာဆယ်၊ စတုတ္ထအဆင့်မှာ လီဗာပူး၊ ကွာတားအဆင့်မှာ ဝက်ဖို့ဒ်နဲ့ ဆီမီးဖိုင်နယ်မှာ ဘန်လေတို့ကို ကျော်ဖြတ်ပြီးတက်လာခဲ့တာပါ။

အစဉ်အလာ

ဒီနှစ်သင်းရဲ့ ကားလင်းဖလား အစဉ်အလာကိုကြည့်ရင် မန်ယူဟာ ကားလင်းဖလားဗိုလ်လုပွဲကို ခြောက်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး နှစ်ကြိမ်ဗိုလ်စွဲခဲ့ပါတယ်။ စပါးကတော့ ကားလင်းဖလားဗိုလ်လုပွဲ ခြောက်ကြိမ် တက်ရောက်နိုင်ခဲ့ရာမှာ လေးကြိမ်ဗိုလ်စွဲထားတယ်။ ဒီနှစ်သင်းဟာ ကားလင်းဖလားမှာ ခြောက်ကြိမ်တိတိ ဆုံတွေ့ခဲ့ဖူးရာ စပါးက ငါးကြိမ်အနိုင်ရထားပြီး မန်ယူက တစ်ကြိမ်သာအနိုင်ရခဲ့ပါတယ်။ ဒါကြောင့်အစဉ်အလာမှာတော့ စပါးက သာတယ်လို့ဆိုရမှာပါ။

သုံးသပ်

မန်ယူနဲ့အတူ သမိုင်းသစ်ရေးထိုးချင်နေတဲ့ နည်းပြကြီးဖာဂူဆန်ဟာ ယခုနှစ်ဘောလုံးရာသီမှာ ဖလားငါးလုံးရယူဖို့ ရည်မှန်းနေပါတယ်။ မန်ယူဟာကမ္ဘာ့ကလပ်ဖလားရယူထားပြီး ဖြစ်တာကြောင့် ဒီပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် ဖာဂူဆန်အတွက် ဒီနှစ်မှာ ဒုတိယမြောက်ကိုင်မြှောက်ခွင့်ရမယ့်ဖလားက ကားလင်းဖလားဖြစ်လာမှာပါ။ ဒါကြောင့် ပြိုင်ပွဲတစ်လျှောက် လုံးမှာ အရန်အင်အားစုတွေနဲ့သာ ပွဲထွက်ခဲ့တဲ့မန်ယူဟာ ဒီပွဲမှာ လူစုံတက်စုံနဲ့ ပွဲထွက်လာဖွယ်ရာရှိနေပါတယ်။ လက်ရှိကားလင်းဖလားချန်ပီယံ စပါးအနေနဲ့ကလည်း ချန်ပီယံဆုကို ကာကွယ်ရမှာဖြစ်သလို ယူအီးအက်ဖ်အေ ဖလားပြိုင်ပွဲမှလည်း ထွက်လာရပြီဖြစ်တာကြောင့် ကားလင်းဖလားဟာ သူ့အတွက် ဥရောပဝင်ခွင့် တစ်နေရာရဖို့ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်နေပါတယ်။ ဒါကြောင့် ဒီကားလင်းဖလားဗိုလ်လုပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်လာမှာပါ။ ဒါပေမယ့် ဒီဖလားဟာ ရက်နက်ပ်အတွက် မျှော်လင့်ချက် မေးမှိန်လှုပြီး ဖလားငါးလုံးအိပ်မက်မက်နေတဲ့ ဖာဂူဆန်ဘက်မှာ သရေနဲ့ အနိုင်သာရှိပါကြောင်း။

ယမန်နှစ်က ကားလင်းဖလားဗိုလ်စွဲခဲ့သည့် စပါးအသင်းသားများဆုယူပြီးနောက် အောင်ပွဲခံနေစဉ်။

မြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** နမ့်စန်မြို့တွင် ၇ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် ၀ဒသမ ၂၄လက်မနှင့် ပူတာအိုမြို့တွင် ၀ဒသမ ၁၅လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၈ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မတ်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၆ ဒသမ ၈ဒီဂရီစင်တီဂရိတ် (၉၈ ဒီဂရီဖာရင်ဟိုက်)	၂၆-၂-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၁၈ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၄ ဒီဂရီဖာရင်ဟိုက်)	၂၇-၂-၂၀၀၉
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၆ ရာခိုင်နှုန်း	၂၇-၂-၂၀၀၉
နေပူသည့်နာရီပေါင်း ၈ ဒသမ ၀ နာရီခန့်	၂၆-၂-၂၀၀၉

ရေစကြို အထက ဗလဗကျောင်း အာစရိယပူဇော်

ရေစကြို ဖေဖော်ဝါရီ ၂၀

ရေစကြိုမြို့နယ် အထက ဗလဗ ကျောင်း၏ ပထမအကြိမ် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ **(ဓဲပုံ)** ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၄၀ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်း ၅၀၀ ကျော်က စုံညီစွာကန်တော့ကြသည်။

အထက ဗလဗကျောင်း၏ အာစရိယပူဇော်ပွဲကို နှစ်စဉ်မပြတ် ကျင်းပမည်ဖြစ်ရာ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မကွေးမြို့နယ်အသင်း(ရန်ကုန်) အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မကွေးမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသားစုံညီအစည်းအဝေးကို မတ် ၄ရက် နံနက် ၉နာရီတွင် ဦးကြည်မောင်-ဒေါ်အေးမြင့်(ထွန်းမိသားစုသစ်စက်) အမှတ်(၁၀၃၀/၃၁) သုမင်္ဂလာလမ်း (၁၆/၁)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေအိမ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ အားလုံးကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်ကုန်သွယ်ရေး ဈေးကွက်သွက်လက် မြန်မာ့သစ်သီးဝလံ သီးနှံဆန်စပါး ပို့ကုန်များလာ

သတင်းဆောင်းပါး - ကျော်ကျော်(ဗန်းမော်)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

နယ်စပ်ကုန်သွယ်ရေးဇုန်ကြီး ပေါ်ထွက်လာ၍ ပို့ကုန်သွင်းကုန် လုပ်ငန်း အသီအမြင်များ ကျယ်ပြန့်လာကာ ရောင်းဝယ်မှုပုံစံသစ် ဖြစ်ထွန်းလာသည်။ ဈေးကွက်အလိုက် ရောင်းဝယ်စိုက်ပျိုးမှုများလည်း ပြောင်းလဲလာခဲ့သည်။ ယခင်က ရာသီသီးနှံများ စိုက်ပျိုးရာတွင် သဘာဝ မြေဩဇာကို အသုံးပြု၍ စိုက်ပျိုးခဲ့ရာမှ ယခုအခါတွင် သဘာဝမြေဩဇာ ကိုပင် အသုံးပြု၍ ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးလာသည်။ ဈေးကွက်လိုအပ်ချက်အလိုက် ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုး ခဲ့၍ မြန်မာ့ဖရဲ၊ သခွားမွှေး၊ သရက်သီးနှင့် အခြားသီးနှံများသည် နယ်စပ် ကုန်သွယ်ရေး သစ်သီးဈေးကွက်တွင် နာမည်ကောင်းရကာ နှစ်စဉ် ရောင်းအားတက်လျက်ရှိသည်။

ဖရဲသီးများကို ၁၉၈၉ ခုနှစ်မှစတင်၍ နယ်စပ်သစ်သီးဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရာတွင် ဖရဲတစ်ပင်ကို အလုံးရေ တင်သလောက်ယူ၍ စိုက်ပျိုးကာ အကြီးအသေး သောင်းပြောင်းတင်ပို့ရောင်းချခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် နယ်စပ် သစ်သီးဈေးကွက်သွက်လက်လာပြီး ရောင်းဝယ်မှုပုံစံများ ပြောင်းလဲလာကာ စိုက်ပျိုးရေးပုံစံ များလည်း ပြောင်းလဲလာခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

ဈေးကွက်ဝင် ဖရဲသီး

အလေးချိန် သုံးပိဿာခွဲ ဝန်းကျင်ရှိသော ဈေးကွက် ဝင် ဖရဲသီးများ။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော် ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ် လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ဓ ာ တ် ပုံ သ တ င် း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်း-မက်မန်း လမ်းပေါ်မှ ဝမ်တာခက်တံတား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း-မက်မန်း ကားလမ်းပေါ်ရှိ နမ့်ခချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသည့် နမ့်ခချောင်းကူး ဝမ်တာခက်တံတားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့သည်။ *[ဝမ်တာခက် တံတားကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဒေသခံ တိုင်းရင်းသားပြည်သူများ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)သို့ အချိန်တိုကာလအတွင်း လွယ်လင့်တကူ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်သည်။]*



အင်တာနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

ဩစတြေးလျတွင် တောမီးလောင်ကျွမ်းမှုများကြောင့် ကာဗွန်ဓာတ်ငွေ့ တန်ချိန် သန်းနှင့်ချီ ထွက်ပေါ်

ဘာသာပြန် - စံစံ

ကင်ဘာရာ ဖေဖော်ဝါရီ ၂၇

ဩစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ်၌ လောင်ကျွမ်းခဲ့သော တောမီးကြောင့် ကမ္ဘာ့လေထုလွှာအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ တန်ချိန် သန်းပေါင်းများစွာ ရောက်ရှိစေကြောင်း ထိပ်တန်း သိပ္ပံပညာရှင်တစ်ဦးက ယနေ့ သတိပေးလိုက်သည်။

မူလကပင် ကမ္ဘာကြီးပူနွေးမှုပြဿနာ ဖြစ်ပေါ်နေစဉ်မှာပင် တောမီးလောင်ကျွမ်းမှုများကြောင့် ကမ္ဘာ့လေထုလွှာအတွင်းသို့ ကာဗွန်ဓာတ်ငွေ့များ ပိုမိုစုဝေးရောက်ရှိလာကြောင်း ဆစ်ဒနီ တက္ကသိုလ်မှ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် သဘာဝအရင်းအမြစ် များဆိုင်ရာ မဟာဌာနမှူး မှခ်အဒမ်က ပြောကြားသည်။

ဗိတိုရိယပြည်နယ်၌ တောမီးများ လောင်ကျွမ်းမှုကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ရပြီး ဩစတြေးလျနိုင်ငံသမိုင်းတွင် အဆိုး ရွားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်သည်။

အဆိုပါပြည်နယ်အတွင်း နေရာခုနစ်နေရာတွင် တောမီးများ လောင်ကျွမ်းခဲ့သည်။

အာတိတ်ဒေသရှိ တန်ဒြာသစ်တောဒေသတွင်ဖြစ်စေ၊ ကာလီ မင်တန်ဒေသတွင်ဖြစ်စေ၊ ဩစတြေးလျနိုင်ငံတွင်ဖြစ်စေ မည်သည့် တောမီးလောင်ကျွမ်းမှုမျှ ကောင်းကျိုးမပေးကြောင်း၊ ဩစတြေးလျ နိုင်ငံ၌ ၂၀၀၃ ခုနှစ်က တောမီးလောင်ကျွမ်းခဲ့ရာတွင် ကာဗွန်ဒိုင် အောက်ဆိုဒ် တန်ချိန် သန်း ၁၉၀ ထွက်ပေါ်ခဲ့ရာ ယင်းမှာ ဖော်ပြပါ နှစ်တွင် နိုင်ငံတစ်နိုင်ငံလုံးမှ ထုတ်လွှတ်သော ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ပမာဏ၏ သုံးပုံတစ်ပုံနှင့်ညီမျှကြောင်း အဒမ်က ပြောကြားသည်။

အင်တာနက်။

အ င် တ ာ န က် ကျ န် း မ ာ ရေ း သ တ င် း ဘာသာပြန် - ထက်ထက်

ကော်ဖီသောက်ခြင်းသည် ခံတွင်းကင်ဆာဖြစ်ခြင်းကို လျော့ပါးစေနိုင်

နယူးယောက် ဖေဖော်ဝါရီ ၂၇

ကော်ဖီသောက်ခြင်းသည် အာခံတွင်းနှင့် လည်ချောင်းကင်ဆာဖြစ်ပွားခြင်းကို လျော့နည်းစေသည်ဟု လေ့လာမှုအသစ်တစ်ခုက ညွှန်ပြ ထားသည်။ ဂျပန်နိုင်ငံပြည်သူများအပေါ် အခြေခံ၍ လေ့လာထားသော အဆိုပါ သုတေသနပြုချက်အရ ကော်ဖီသောက်ခြင်းနှင့် အမျိုးသား များတွင် အစာရေမြိုကင်ဆာဖြစ်ပွားမှုနှုန်းတို့အကြား အလွန်ဆက်စပ်လျက်ရှိသည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

ကော်ဖီသောက်ခြင်းကြောင့် ရရှိလာသော ကောင်းကျိုးဆိုးကျိုးများကို လေ့လာရန် စင်ဒိုင်း၊ တိုဟိုကူးတက္ကသိုလ်မှ ဒေါက်တာတိုရူနာဂါနူမာနှင့် အဖွဲ့သည် လူဦးရေကိုအခြေခံ၍ အသေးစိတ် သုတေသနပြု စစ်တမ်းကောက်ယူခဲ့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**